
အိပ်မက်ကြယ်
ဇာတ်သိမ်း

ဇာတ်သိမ်း

အခန်း(၁)

"ဖြောင်း ... ဖြောင်း..."

"နောက်တစ်ခါ မှားကြည့်စမ်း နင်တို့သားအမိ နှစ်ယောက်စလုံးကို စံအိမ်ထဲကနေ ခေါင်းနဲ့ ဆင်းခိုင်းပစ်မယ် ..."

"ဆွေး တောင်းပန်ပါတယ် မမလရိပ်ရယ် ... နောက်တစ်ခါ မမှားစေရပါဘူးနော် ... ဆွေးနဲ့ မေမေ့ကိုတော့ စံအိမ်တော်ထဲကနေ မောင်းမထုတ်ပါနဲ့ ဆွေး တောင်းပန်ပါတယ် ..."

ဆယ့်ကိုးနှစ်အရွယ် သူမရဲ့မျက်ရည်နဲ့ စကားလုံးတွေဟာ အရွယ်နဲ့ မလိုက်အောင်ကို အက်ကွဲနေလေသည်။ ပါးနှစ်ဖက်ကို တစ်ချိန်တည်း ဘယ်ပြန်ညာပြန် အရိုက်ခံလိုက်ရသဖြင့် သူမပါးသူမ လက်နဲ့အသာ ပွတ်သပ်ကာ ငိုနေသေး၏။

"သမီး တော်တော် ... အဲ့လောက်ဆိုရင် အဲ့ကောင်မ နားလည်လောက်ပါပြီ ..."

ဒေါ်မြစိမ်းလွှာရဲ့ စကားကြောင့် ဆွေးခေါင်းကို ပိုငုံ့ထားလိုက်တော့သည်။ သူတို့ မျက်နှာတွေကို ပြန်လှည့်မကြည့် ရဲလောက်အောင်အထိ ဆွေးကြောက်ပါတယ်။ ဆွေးဘဝမှာ အဓိကက မေမေနဲ့အတူတူ နေရဖို့ပဲ။ အဲဒီအတွက် ဆွေးဘာပဲလုပ်ရလုပ်ရ ကိစ္စမရှိပေ။

"အခုရော ဘာတွေ မှားပြန်တာလဲ..."

"ခဏနေ လရိပ် သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ကိုသွားရမှာ ... အဲဒါ အဲဒီမှာဝတ်ရမယ့် ဂါဝန်က သူ့ကြောင့် ပြဲသွားပြီ မာမီ ... ဂါဝန်က စျေးဘယ်လောက်ကြီးတယ် ဆိုတာကို သူမသိဘူး ... ပြီးတော့ ဇာလေးတွေနဲ့ဆိုတော့ နူးနူးညံ့ညံ့ ကိုင်ရတဲ့ဟာကို သူက သူ့အဝတ်အစားတွေကို ကိုင်သလိုမျိုး ကြမ်းကြမ်းတမ်းတမ်း ကိုင်လိုက်တာလေ ... အခုတော့ ပြဲသွားပြီ ..."

မမလရိပ်ပြောမှ ဆွေးကိုယ့်အဝတ်အစားကိုယ် ငုံ့ပြီး ကြည့်လိုက်မိလေသည်။ မမလရိပ်ပြောလည်း ပြောချင်စရာပါ။ ဆွေး ဝတ်ထားတဲ့ အဝတ်အစားတွေက တကယ်ကို အစုတ်တွေ ဖြစ်၏။ လက်တိုချည်သား အင်္ကျီပြောင်ကို ချည်သားလုံချည်နဲ့ တွဲဝတ်ထားတယ် ဆိုပေမဲ့ ဟောင်းနွမ်းကာ အင်္ကျီကလည်း အောက်အဖျားနားမှာ ပြဲနေသေး၏။

"ဒီကောင်မဟာလေ အရမ်းကို ပရမ်းပတာနိုင်တာပဲ ..."

တကယ်တော့ မမလရိပ် အင်္ကျီပြဲတာ ဆွေးကြောင့်မဟုတ်ပါ။ မမလရိပ် မွေးထားတဲ့ ကြောင်လေး မိဝါကြောင့်ပဲဖြစ်သည်။ ရှင်းပြရင်လည်း သူတို့ကို ပြန်ပြောတယ်ဆိုကာ ထပ်ပြီး ရိုက်ဦးမှာဖြစ်လို့ မထူးတော့ပါဘူးဟု တွေးကာ ဆွေး ငြိမ်နေလိုက်ခြင်းပဲ ဖြစ်သည်။

"ဟုတ်တယ် မာမီ ... ဒီကောင်မကိုတော့ လရိပ် စိတ်မရှည်တော့ဘူး ..."

"သွား ... သွား ... သွားတော့ ... မီးဖိုထဲသွားပြီး ဒေါ်တင်မေတို့ကို သွားကူလိုက်စမ်း ..."

"ဟုတ် ... ဟုတ်ကဲ့ ဒေါ်လေး ..."

ဆွေး သူတို့ရှေ့ကနေ အမြန်ဆုံးသာ ထွက်ခဲ့လိုက်တော့သည်။ မီးဖိုဆောင်ထဲသို့ ဝင်လိုက်တော့ မေမေက မီးဖိုထဲက ထိုင်ခုံလေးမှာထိုင်ကာ ဟင်းသီးဟင်းရွက်တွေကို လှီးနေ၏။

"မေမေ ..."

ဆွေး မေမေ့ကို ခေါ်လိုက်တော့ မေမေက ဆွေးကို လှည့်ကြည့်လာလေသည်။ ဆွေး မေမေ့အနားသို့ သွားလိုက်ကာ မေမေထိုင်နေတဲ့ ခုံဘေးမှာ ဝင်ထိုင်လိုက်၏။ ထို့နောက် မေမေ့လက်ထဲက ဓားကိုယူလိုက်ကာ ခရမ်းသီးတွေကို အသာလှီးလိုက် လေသည်။

"သမီးလေး ဘာဖြစ်လာတာလဲ ..."

"ဘာမှမဖြစ်ပါဘူး မေမေ ... မေမေသွားနား လိုက်တော့မယ် ဆွေး လုပ်လိုက်တော့မယ် ..."

"ရတယ် သမီး ... မေမေ ဆက်လုပ်လိုက်မယ် ..."

ဆွေး မေမေ့လက်ကိုဆွဲပြီး မတ်တတ်ရပ်လိုက်ကာ ...

"လာ မေမေ ... အဲဒါဆိုရင် ဆွေးမေမေ့ကို ရေချိုးပေးမယ်နော် ... မေမေ ရေချိုးပြီး ထမင်းစားပြီးရင် အိပ်လိုက်တော့ ..."

"ဒေါ်လေးပြောပါတယ် ဆွေးလေးရယ် ... စန္ဒာက ပြောလို့မရဘူး ... ဇွတ် အတင်းကို လုပ်ကူနေတာ..."

ဒေါ်လေးတင်က ဟင်းအိုးမွှေနေရင်းကနေ အကြည့်တွေက ဆွေးဆီသို့ ရောက်လာကာ မျက်လုံး ပြူးသွားလေသည်။ ဆွေးရဲ့ပါးက ဒဏ်ရာတွေကို မြင်သွားသည့်ပုံပင်။ မေမေသိမှာ စိုးသဖြင့် ဆွေးဒေါ်လေးတင်ကို ခေါင်း အသာ ယမ်းပြလိုက်၏။ မေမေက ဆွေးမျက်နှာကိုမြင်လည်း ဘာဖြစ်တယ် ဆိုတာကို သိမှာမဟုတ်ပေ။ မေမေ့အသိဥာဏ်က အဲ့လောက်မှ မကောင်း တာ။

"ဟုတ်ကဲ့ ဒေါ်လေးတင် ... ဆွေး မေမေ့ကိုခေါ်သွားပြီး ရေချိုးပေးလိုက် ဦးမယ်နော် ... ပြီးရင် ဆွေး စံအိမ်တော်ကို ပြန်လာခဲ့မယ် ..."

"အင်း ... ရတယ် ဆွေးလေး ... သွား ... သွား ..."

"ဟုတ်ကဲ့ ဒေါ်လေးတင် ..."

ဆွေး မေမေ့ကိုခေါ်တာ စံအိမ်တော်ရဲ့ မီးဖိုဆောင်ထဲကနေ ထွက်လာလိုက်လေသည်။ နောက်ပေါက်က ထွက်လာလိုက်တော့ ခြံထဲသို့ ရောက်လာ၏။ ခြံထဲမှာ ခြံစောင့်လည်းဖြစ် ဒရိုင်ဘာလည်းဖြစ်တဲ့ ဦးလွင်မောင်ကို တွေ့လိုက်ရလေသည်။ ဦးလွင်မောင်က ပန်းပင်တွေကို ရေတွေလောင်းနေ၏။

"ဦးလေး ... ပန်းပင်တွေ ရေလောင်းနေတာလား ... ဆွေး လောင်းပေးမယ်လေ ..."

ဦးလေးလွင်မောင်လည်း ဆွေးမျက်နှာကို မြင်သွားကာ ခေါင်းကိုအသာယမ်းနေလေသဖြင့် ဆွေး ပြုံးပြလိုက်ရတော့သည်။

"ရပါတယ် ဆွေးရယ် ... ဦးလေး ပြီးကာနီးပါပြီ ... မမစန္ဒာကို ရေချိုးပေးတော့ မလို့လား ..."

"ဟုတ်ကဲ့ ဦးလေး ..."

"အေး ... အေး ... သွားလေ ဆွေး ..."

"ဟုတ်ကဲ့ ဦးလေး ..."

ဆွေး မေမေနဲ့အတူ ဆွေးတို့နေတဲ့ အိမ်ကလေးဆီသို့ ထွက်လာလိုက်လေသည်။ အိမ်လေးက စံအိမ်တော်ထဲမှာ ဆိုပေမဲ့ စံအိမ်တော်ရဲ့ အုတ်တံတိုင်းမှာကပ်ကာ အိမ်ဆောက် လုပ်ပေးထားခြင်းပဲ ဖြစ်သည်။ တစ်ထပ်ပျဉ်ထောင်အိမ်လေးက နေချင်စရာ ကောင်းပေမဲ့လည်း ဆွေးကတော့ မပျော်ပါဘူး။ မေမေရှိနေလို့သာ ဒီစံအိမ်တော်ထဲမှာ ဆွေးနေတာ။ မဟုတ်ရင် ဆွေး ထွက်သွားတာကြာပေါ့။ မေမေ့ရောဂါကြောင့် ဆွေးနေနေတာ။

မေမေသာ ကျန်းမာရေးကောင်းရင် ဆွေး ဒီစံအိမ်တော်ထဲက ထွက်သွားလို့ ရအောင် ကြိုးစားမှာ။

"သမီးလေး ..."

"ဟုတ်ကဲ့ မေမေ ..."

အိမ်ထဲရောက်တော့ ရေချိုးခန်းထဲသို့ မေမေ့ကို ခေါ်သွားလိုက်လေသည်။ မေမေ့ အဝတ်အစားတွေကို ကူချွတ်ပေးလိုက်ကာ ရေချိုးခန်းထဲက ရေကန်လေးဘေးမှာ မေမေ့ကို ထိုင်ခိုင်းလိုက်ပြီး သွားတိုက်တံထဲသို့ သွားတိုက်ဆေး ထည့်ပေးပြီး မေမေ့လက်ထဲသို့ ထည့်ပေးလိုက်၏။

"သမီးလေး ပင်ပန်းနေပြီလား ..."

သွားတိုက်နေရင်းကနေ မေမေက မေးလာသဖြင့် ဆွေးပြုံးရင်းနဲ့ ခေါင်းယမ်းပြလိုက်ကာ ...

"ဆွေး မပင်ပန်းပါဘူး မေမေရယ် ... ဘာလို့ ပင်ပန်းရမှာလဲ ..."

"ဟိုကောင်မတွေက သမီးလေးကို အလုပ်တွေ အရမ်းခိုင်းနေလို့လေ ..."

"ဩော် ... မေမေရယ် ... ဒေါ်လေးတို့က သမီးတို့ကို ကျွေးမွေးစောင့်ရှောက် ပေးထားတာပဲ ဒီလောက်တော့ ဆွေးလုပ်ပေးရမှာပေါ့ ..."

မေမေက သွားတိုက်ရင်းကနေ ရယ်ပဲရယ်နေ၏။ ဆွေးရေတစ်ခွက် ခပ်ပေးလိုက်ကာ မေမေ့လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"သမီးလေးက နတ်သမီးလေးပဲ ..."

မေမေ့စကားကြောင့် ဆွေးပြုံးလိုက်တော့ မေမေက သွားတိုက်တံကို ထုတ်ကာ ပလုတ်ကျင်းလိုက်ပြီး အားရပါးရ ရယ်နေလေတော့သည်။

"မေမေ့သမီးလေးက နတ်သမီးလေး ... သူတို့က မကောင်းဆိုးဝါးမတွေ ..."

မေမေက သူ့စကားသူ သဘောကျကာ ရယ်မောနေပြန်သည်။ ဆွေးလည်း မေမေ့ကိုကြည့်ကာ နာကျင်စွာ ပြုံးလိုက်မိတော့သည်။ ဘဝတွေက ခါး လိုက်တာ။ ဘယ်တုန်းကမှ မပျော်ရွှင်ခဲ့ရ ပေမဲ့လည်း အခုနောက်ပိုင်း ဆွေး မေမေနဲ့အတူ ပျော်ရွှင်ချင်မိသည်။ တိုတောင်းလှတဲ့ ဘဝမှာ ပျော်ရွှင်ဖို့က အဓိကမို့လား။ အဲဒါကြောင့် ဆွေးပျော်ရွှင်ချင်တာပါ။ ဟိုးငယ်စဉ် ကတည်းကနေ အခုချိန်ထိ တစ်ခါမှ မပျော်ရွှင်ခဲ့ရလို့လား မသိ ဆွေးတစ်ခါ လောက်တော့ ပျော်ရွှင်ချင်သည်။ ဒါပေမဲ့လည်း ဒီ "နေလစံအိမ်တော်"ထဲက မလွတ်မြောက်မချင်း ဆွေး ပျော်ရမှာ မဟုတ်ဘူးဆိုတာကိုတော့ ဆွေး သိ၏။ တစ်နေ့တော့ လွတ်မြောက်မှာပါလေ။ အဲဒီစိတ်နဲ့ ရှင်သန်ခဲ့တာ အခု ဆိုရင် ၁၉ နှစ်တောင် ပြည့်တော့မည် ဖြစ်သည်။

***

"ကျွန်တော် လက်မခံပါဘူးလို့ပြောတာ ဘယ်နှခါရှိနေပြီလဲ အန်ကယ် ... ကျွန်တော့်ကို ဖိအားတွေ မပေးပါနဲ့ဗျာ ..."

"ဆရာရယ် ... အန်ကယ်က ဆရာ့ကို ဖိအားပေးတာ မဟုတ်ပါဘူး တောင်းဆိုတာပါ ... အန်ကယ်ရဲ့ ပထမဆုံး ရုပ်ရှင်ကို ဆရာ့ဝတ္ထုနဲ့ ရိုက်ချင် လွန်းလို့ပါကွယ်..."

ဒါရိုက်တာ ဦးအံ့ကျော်ရဲ့ စကားကြောင့် သူ ခေါင်းစားသွားရ လေ တော့သည်။ လူရင်းတွေလည်းဖြစ် ဆွေးမျိုးလည်း မကင်းတော့ ပွင့် ပွင့်လင်းလင်းပြောကာ ငြင်းပေမဲ့လည်း သူ့စကားကို လက်မခံဘဲ အတင်း တောင်းဆို နေသဖြင့် သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေတော့သည်။

"ကျွန်တော် စာမရေးတော့တာ ကြာနေပါပြီ အန်ကယ် ... တကယ်က စာရေးဆရာ ဘဝကို ကျွန်တော် စွန့်လွှတ်ပစ်လိုက်တာပါ ... အဲဒါ ဘာလို့ လဲ ဆိုတာကိုလည်း အန်ကယ်သိရဲ့သားနဲ့ ဘာလို့များ စာရေးဖို့ကို အတင်း

တိုက်တွန်း နေရတာလဲဗျာ ..."

"ဆရာ စာမရေးတာကြာပြီ ဆိုတာကို အန်ကယ်သိပါတယ် ... ပြီးတော့ ဆရာ့လက်ရည် မကျသေးဘူး ဆိုတာကိုလည်း အန်ကယ်သိပါတယ် ... အဲဒါကြောင့် ကျေးဇူးပြုပြီး အန်ကယ် ရုပ်ရှင်ရိုက်ဖို့အတွက် ဝတ္ထုတစ်ပုဒ် ရေးပေးပါ ဆရာရယ် ..."

"ကျွတ် ..."

ဆွေးမျိုးမကင်းပေမဲ့ အလုပ်သဘောအရ သူ့ကို ခခစားစား တောင်းတောင်းပန်ပန် ပြောနေသဖြင့် သူစဉ်းစားရ ခက်သွားတော့သည်။ ပြီးတော့ သူ့ဆီလာတာ ဒါက ပထမဆုံးလည်း မဟုတ်။ လေးကြိမ် ငါးကြိမ်ရှိနေပြီ ဖြစ်သည်။

"ထပ်ပြီး စဉ်းစားပေးပါဦး ဆရာ ... ဆရာလက်မခံမချင်း အန်ကယ်က လာနေဦးမှာမို့လို့ လက်ခံပေးပါ ..."

"ကောင်းပြီလေ ကျွန်တော်နောက်ဆုံး အနေနဲ့ စဉ်းစားပေးပါ့မယ် အန်ကယ် ... ကျွန်တော် စဉ်းစားပြီးရင် အန်ကယ့်ကို ဖုန်းဆက်လိုက်ပါ့မယ် ..."

"ကျေးဇူးတင်ပါတယ် ဆရာရယ် ... အဲဒါဆိုရင် အန်ကယ်သွားတော့မယ်နော် ... အမြန်ဆုံးလေး စဉ်းစားပေးပါ ဆရာ ... အန်ကယ် ရုပ်ရှင်ရိုက်ဖို့အတွက် အစစအရာရာ အဆင်သင့် ဖြစ်နေပြီမို့လို့ ဆရာရေးတာနဲ့ အန်ကယ် ချက်ချင်းရိုက်တော့မှာ ..."

"ကောင်းပါပြီ အန်ကယ် ..."

အန်ကယ် ဦးအံ့ကျော်က သူ့ကိုနှုတ်ဆက်ကာ ထထွက် သွားလေတော့သည်။ သူစားပွဲပေါ်က စီးကရက်ကို ယူလိုက်ကာ ပါးစပ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် မီးညှိလိုက်ကာ သောက်လိုက်လေသည်။ ဆိုဖာပေါ်

ထိုင်ရင်းကနေ ပက်လက်လှန်လိုက်ကာ ခြေထောက်ကို တစ်ဖက်ပေါ် တစ်ဖက်တင်ထားလိုက်ပြီး စီးကရက်ကို သောက်နေလိုက်၏။

"အစ်ကိုလေး မနက်စာ အဆင်သင့် ဖြစ်ပါပြီ ..."

သူ့တပည့် မောင်ထွေးက ဧည့်ခန်းထဲသို့ ဝင်လာကာ ပြောလာသဖြင့် သူ မျက်လုံး မှိတ်ထားရာကနေ အသာဖွင့်လိုက်ပြီး မောင်ထွေးကို ကြည့်လိုက်လေသည်။

"မနက်စာ စားမယ့်အချိန်ကို ရောက်ပြီလား ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

"အင်း ... လာခဲ့မယ် ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

သူ သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ထိုးထည့်လိုက်ပြီး ထမင်းစားခန်းထဲသို့ ထွက်လာလိုက်လေသည်။ ထမင်းစားပွဲဘေးမှာ မောင်ထွေးက မတ်တတ်ရပ်ကာ သူ့ကိုစောင့်နေ၏။

"မင်းလည်း တစ်ခါတည်းဝင်စားလိုက် မောင်ထွေး ..."

"ရပါတယ် အစ်ကိုလေး ကျွန်တော်ပြီးမှ စားလိုက်ပါ့မယ် ... အစ်ကိုလေး အရင်စားနှင့်လိုက်ပါ ..."

"ဒီအိမ်မှာ မင်းရယ်ငါရယ် နှစ်ယောက်တည်းပဲ ရှိတာကို တစ်ယောက်ချင်းစီစားတော့ ပန်းကန်တွေကို နှစ်ခါမဆေးရဘူးလား ..."

"ဟုတ် အဲဒါကတော့ ဟုတ်ပါတယ် အစ်ကိုလေး ... ဒါပေမဲ့ ..."

"ဒါပေမဲ့တွေ ဘာတွေ အတွန့်တက်မနေနဲ့ ... လာ တစ်ခါတည်းဝင်စား ... စားပြီးရင် ငါ မင်းနဲ့ပြောစရာ ရှိသေးတယ် ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

သူ အဲ့လိုပြောတော့မှပဲ မောင်ထွေးက ထမင်းစားပွဲမှာ ဝင်ထိုင်ကာ သူနဲ့အတူ ထမင်းစားလေတော့သည်။ မနက်စာ ခရမ်းချဉ်သီးထောင်းနဲ့ ငါးခြောက်ဖုတ်ကတော့ သူ့အကြိုက် မနက်စာပဲဖြစ်သည်။ မောင်ထွေးက အလိုက်သိသူဖြစ်တော့ သူစားချင်တာတွေကို တစ်မျိုးပြီးတစ်မျိုး လုပ်ကျွေးတတ်၏။ ဒီအိမ်မှာ သူနဲ့မောင်ထွေး နှစ်ယောက်ထဲသာ နေသည်။ အရင်ကတော့ သူတစ်ယောက်တည်း နေတာဖြစ်ပေမဲ့ အခုတော့ သူ့ဝေယျာဝစ္စတွေ လုပ်ဖို့အတွက် မောင်ထွေးကို ခေါ်ထားခဲ့တာ တစ်နှစ်လောက် ရှိပြီဖြစ်သည်။

"အစ်ကိုလေး ကျွန်တော့်ကို ဘာပြောမလို့လဲ ပြောလေ အစ်ကိုလေး ..."

"ငါ စဉ်းစားနေတာ မောင်ထွေး ..."

"ခုနက ဒါရိုက်တာ ဦးအံ့ကျော်ပြောသွားတဲ့ စကားတွေကိုလား ..."

"မင်းလည်း ကြားလိုက်တယ်မို့လား ..."

"ဟုတ်ကဲ့ လက်ဘက်ရည် ဖျော်ရင်းနဲ့ ကျွန်တော် ကြားခဲ့ပါတယ် အစ်ကိုလေး ..."

"အင်း ဟုတ်တယ် ... ငါ့မှာ ငြင်းရလည်း ခက်နေတယ် မောင်ထွေး ... သူ ငါ့ဆီကို ခဏခဏလာနေတော့ ငါ အားလည်းနာတယ် ..."

"အဲဒါများ အစ်ကိုလေးရယ် ... ဒါရိုက်တာကြီး တောင်းဆိုတာကို လိုက်လျောလိုက်ပါလား ..."

မောင်ထွေးစကားကို နားထောင်ကာ သူတွေဝေ သွားလေတော့သည်။ ထို့နောက် သူ့မျက်နှာမှာလည်း နာကျင်သော အရိပ်အယောင်တွေက ပေါ်ပေါက်လာတော့၏။ သူ့အသိစိတ်ထဲသို့ အတိတ်က ဖြစ်ရပ်တွေက ရုပ်ရှင်ပိတ်ကား တစ်ခုလို တစ်ခုချင်းစီ ပေါ်ထွက် လာလေတော့သည်။ သူ

ချက်ချင်းပဲ ခေါင်းကို ခါယမ်းလိုက်၏။

"ဟင့်အင်း အတိတ်တွေကို ငါမုန်းတယ် ... အတိတ်တွေကို ငါ ပြန်မမှတ်မိချင်ဘူး သွားစမ်း ..."

ရုတ်တရက် မနက်စာ စားရင်းကနေ သူ အော်လိုက်တော့ မောင်ထွေးက လန့်သွားကာ သူ့ကိုသေချာ ကြည့်လာပြီး ...

"အစ်ကိုလေးရယ် ... ကျွန်တော် တောင်းပန်ပါတယ် ... အစ်ကိုလည်း မလုပ်ချင်ဘူး ဆိုရင်လည်း ဒါရိုက်တာကြီးရဲ့ တောင်းဆိုချက်ကို ငြင်းလိုက်ပါ ... အခုလိုမျိုး အစ်ကိုလေး နာကျင်ရမယ်မှန်း သိရင် ကျွန်တော် မတိုက်တွန်းပါဘူး ကျွန်တော် တောင်းပန်ပါတယ်ဗျာ ..."

"ဟင် ..."

အသိစိတ်က ပြန်ဝင်လာတော့ မောင်ထွေးကိုကြည့်ကာ သူစိတ်မကောင်းဖြစ်သွားမိတော့သည်။

"ဆောရီး မောင်ထွေး ... ငါ အသိစိတ်ခဏ လွတ်သွားတယ် ..."

"ရတယ် အစ်ကိုလေး ... ကျွန်တော် ဘာမှမဖြစ်ပါဘူး ..."

ဘာမှ မဖြစ်ပါဘူးသာဆိုတယ် မောင်ထွေးရဲ့မျက်နှာက သူ့အတွက် စိတ်မကောင်းတဲ့ အရိပ်အယောင်တွေကို ပြသနေလေသည်။ အကယ်၍ သူ့ဘဝထဲကနေ ကာရံသာ ထွက်မသွား ခဲ့ဘူးဆိုရင် သူ အခုလိုမျိုးတွေ ခံစားနေရမှာ မဟုတ်ပေ။ စွဲလမ်းစိတ်က လူကို ရူးသွပ်စေတယ်ဆိုတဲ့ စကားက မှန်တာပါလား။

***

"အစည်းအဝေးကို နောက်ကျဖို့အတွက် ဘယ်သူက မင်းကိုခွင့်ပြုချက်ပေးထားလို့လဲ ..."

"လရိပ် တောင်းပန်ပါတယ် ကိုနေ ..."

"ကိုနေ ဟုတ်လား ... ငါ့ကို အဲ့လိုရင်းရင်းနှီးနှီး ခေါ်ရအောင်ရော မင်းကို ဘယ်သူက ခွင့်ပြုပေးထားတာလဲ ..."

ပြောနေရင်းနဲ့ မေးခွန်းတွေက ပိုပိုပြီး များလာလေတော့သည်။ ထိုင်နေရင်းကနေ ခြေထောက်တစ်ဖက်ကို ခြေထောက်တစ်ဖက်ပေါ်သို့ ချိတ်လိုက်ပြီး ...

"လရိပ်လွှာ ... မင်းကို ဒါနောက်ဆုံး သတိပေးတာပဲ ... နောက်တစ်ခါ ကုမ္ပဏီကို လာဖို့နောက်ကျရင် ကုမ္ပဏီရဲ့စည်းမျဉ်းစည်းကမ်း အတိုင်း မင်းကိုအပြစ်ပေးမယ် ... နောက်ပြီး ငါက မင်းရဲ့သူငယ်ချင်း မဟုတ်ဘူး ငါက မင်းရဲ့ အထက်အရာရှိပါ အဲဒါကြောင့် ငါ့ကို ကိုနေလို့ နောက်ဘယ်တော့မှ မခေါ်မိပါစေနဲ့ ..."

"လရိပ်တို့က မောင်နှမဝမ်းကွဲတွေလေ ကိုနေရယ် ... ဘာလို့ စိမ်းစိမ်းကားကားကြီး ပြောရတာလဲ ..."

"မင်းနဲ့ငါက ဆွေမျိုးတွေလို့ မင်းသတ်မှတ်ထားတယ် ဆိုရင်လည်း အဲဒါကို မေ့ပစ်လိုက်ပါ ... ငါ မင်းတို့ နေလစံအိမ်တော်နဲ့ ဘာမှ မတော်စပ်ချင်ဘူး ..."

"ဟင် ..."

ရုံးခန်းထဲမှာ နှစ်ယောက်တည်း ရှိတယ်ဆိုပေမဲ့လည်း လရိပ် ရှက်သွားမိလေသည်။ ဘာဆေးတွေ စားထားလို့များ ဒီလောက်ထိ မာနကြီးတယ် ဆိုတာကို လရိပ် စဉ်းစားမရ။ ဒါပေမဲ့ အဲဒီမာနခဲကိုမှ လရိပ်ဘာလို့ ခင်တွယ်နေမိတယ် ဆိုတာကို စဉ်းစားမရပေ။ လူကြီးတွေ ပြောစကားအရတော့ နေဇာဟိုရ်နဲ့ လရိပ်တို့က မောင်နှမ ဝမ်းကွဲတွေတဲ့။ လရိပ်စိတ်ထဲမှာတော့ သူ့ကို

ဘယ်လိုမှ အဲ့လိုမျိုး သဘောထားလို့မရ ဖြစ်နေလေသည်။

"ကြားလား လရိပ်လွှာ ..."

"ဟင် ... ဘာပြောလိုက်တာလဲ သူဌေး ..."

"မနေ့က မပြီးတဲ့ စာရင်းတွေကို ဒီနေ့အပြီးလိုချင်တယ် ... ရုံးဆင်းချိန် မတိုင်မီ ရုံးခန်းထဲကို လာပို့ပေးပါ ..."

"ဟုတ် ... ဟုတ်ကဲ့ သူဌေး ..."

တကယ်ဆိုရင် နေဗဟိုရ်ကုမ္ပဏီမှာ လရိပ် အလုပ်ဝင် မလုပ်လည်းရ၏။ မာမီက နေဗဟိုရ်နဲ့ ရင်းနှီးမှုရအောင် တမင်သက်သက် လာလုပ်ခိုင်းလို့သာ သည်းခံပြီး လုပ်ပေးနေတာ ဖြစ်သည်။ နေဗဟိုရ့် အနားမှာ နေချင်ပေမဲ့ လရိပ် သူ့အဆူ အငေါက်ခံကာ အလုပ်မလုပ်ချင်ပေ။ ဒါပေမဲ့လည်း သူ့အနားမှာ နေချင်မှတော့ လရိပ်ငြင်းလို့ မရတော့ဘဲ နေဗဟိုရ့် အတွင်းရေးမှူးအဖြစ်နဲ့ ရှိနေခဲ့ရလေသည်။

"လောလောဆယ် ကော်ဖီတစ်ခွက် ဖျော်ခဲ့ပေး ..."

"ဟုတ်ကဲ့ သူဌေး ..."

သူ့ရုံးခန်းထဲကနေ အလိုမကျစွာ ထွက်သွားတဲ့ လရိပ်လွှာရဲ့ ကျောပြင်ကို ကြည့်ရင်းကနေ နေခေါင်းကို အသာယမ်းလိုက်မိလေသည်။ ဒီလို မိန်းကလေးမျိုးနဲ့မှ အမျိုးလာတော် နေရတယ်လို့။ ဒါကလည်း ဒယ်ဒီ့ကားအရပါ။ တကယ်တော့ သူ့မှာ ဆွေမျိုးရှိတယ်လို့ သူ ဘယ်တုန်းကမှ ထင်ခဲ့တာ မဟုတ်ဘူး။ နေဗဟိုရ်စံအိမ်နဲ့ နေလစံအိမ်တော်တို့က ဟိုးအရင်ကတည်းက ခိုင်မြဲတဲ့ ပတ်သက်မှုတွေ ရှိခဲ့ပြီးသား ဖြစ်ပေမဲ့ အခုချိန်မှာတော့ သူက အားလုံးနဲ့ အဆက်အသွယ် ဖြတ်စေကာ အဲဒီစံအိမ်က ဘယ်သူနဲ့မှ မပတ်သက်ခဲ့တော့ပေ။ ဒါတောင်မှ ဒေါ်မြစိမ်းလွှာက သူ့သမီးကို သူ့

ကုမ္ပဏီကို ရောက်အောင် ပို့ပေးခဲ့သေးသည်။ တကယ်ပဲ ဘယ်လို အခြေအနေမျိုးကို လိုချင်လို့ အခုလိုတွေ လုပ်နေရတာလဲဆိုတာကို သူ နားမလည်မိ။

"ရပါပြီ သူဌေး ..."

ကော်ဖီဖလားကို သူ့စားပွဲပေါ်သို့တင်ကာ ပြောလာသဖြင့် သူ ခေါင်းအသာ ညိတ်လိုက်ပြီး ...

"အင်း ထားခဲ့လိုက် ..."

"လရိပ် ဒီနေ့ ရုံးအစောဆင်းလို့ ရလားဟင် သူဌေး ..."

"ဘာ ..."

သူ အလုပ်လုပ်နေရာကနေ လက်တော့ပ်ကို ပိတ်လိုက်ကာ လရိပ်လွှာကို ကြည့်လိုက်တော့ သူမက အကြောက်အလန့် မရှိသလို သူ့ကို ပြန်ကြည့်နေလေသည်။

"အစည်းအဝေး လာတာလည်း နောက်ကျသေးတယ် ... အလုပ်ကိုလည်း ပြီးအောင် မလုပ်ပေးဘဲနဲ့ ရုံးကို အစောဆင်းချင်နေတယ် ဟုတ်လား ..."

"ဟို ... ညနေကျရင် သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ရှိလို့ပါ သူဌေး ... အဲဒါကြောင့် ..."

"မွေးနေ့က အလုပ်ကိစ္စထက်ပိုပြီး အရေးကြီးတာလား ... ဟိုတစ်နေ့က လည်း မွေးနေ့ သွားရလို့ဆိုပြီး ရုံးနောက်ကျမှတက်တယ် ... ဒီနေ့လည်း မွေးနေ့သွားရမှာမို့လို့ ရုံးအစော ဆင်းချင်တယ်ဆိုတော့ ဒီကုမ္ပဏီက မင်းကုမ္ပဏီများလား ..."

"ဟို ... အဲ့လိုမဟုတ် ..."

"တော်တော့ လရိပ်လွှာ ... မင်း ထပ်ပြီး ဘာမှမတောင်းဆို ပါနဲ့တော့ ...

မဟုတ်ရင် ငါ မင်းကို အလုပ်ထုတ်ပစ် ရတော့မယ် ..."

"ဟင် ... အဲ့လိုမလုပ်ပါနဲ့ သူဌေး ... လရိပ် မွေးနေ့ပွဲကို မသွားတော့ဘူးနော် ..."

သူ ဘာမှဆက်မပြောတော့ဘဲ လက်တော့ပ်ကို ပြန်ဖွင့်ကာ လုပ်လက်စ အလုပ်ကို ဆက်ပြီး လုပ်နေတော့မှ လရိပ်လွှာက ရုံးခန်းထဲကနေ အသာလေး ထွက်သွားလေတော့သည်။ ဟုတ်တယ် ... ဒီထက်ပိုပြီး သူ သည်းမခံနိုင်တော့ပေ။ အလုပ်ကို အလုပ်နဲ့တူအောင် မလုပ်ချင်တဲ့ သူကိုတော့ သူ့ကုမ္ပဏီမှာ မထားချင်ပေ။ အထူးသဖြင့် လရိပ်လွှာလို မိန်းကလေးမျိုး။ စံအိမ်တော်နှစ်ခုရဲ့ ပတ်သက်မှုကို ခုတုံးလုပ်ကာ ကုမ္ပဏီမှာ အလုပ်ရအောင် ကြံစည်ခဲ့သည်။ အဲ့လောက်အထိတော့ သူ သည်းခံနိုင်သည်။ ဒါပေမဲ့ အလုပ်ကို မလေးစားတာ မျိုးကိုတော့ သူမကြိုက်။ လရိပ်လွှာနဲ့ ပတ်သက်ပြီး သူ တစ်ခုခု လုပ်တော့မယ်ဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်ထားမှာ မဟုတ်ပေ။ အဲဒါကို လရိပ်လွှာရော သူ့အမေ ဒေါ်မြစိမ်းလွှာရော အသိပင်။

"တီ ... တီ ... တီ ..."

ဖုန်းသံကြောင့် သူ့အသိစိတ်က ဖုန်းဆီသို့ ရောက်သွားကာ လှမ်းယူလိုက်လေသည်။ ဖုန်းကိုကြည့်လိုက်တော့ ဒယ်ဒီ့ဖုန်း ဖြစ်နေ၏။ သူ ချက်ချင်းပဲ ဖုန်းကိုကိုင်လိုက်လေသည်။

"ဟယ်လို ဒယ်ဒီ ..."

"နေ ကုမ္ပဏီကပြန်လာရင် ဒယ်ဒီ့အတွက် ကြက်ပေါင်းခေါက်ဆွဲ ဝယ်ခဲ့ပေးပါဦး ..."

"ဒယ်ဒီ နေမကောင်းဘူးလား ..."

"အင်း ... သွေးအားနည်းနေလို့ အားရှိတာတွေ စားရမယ်လို့ ဒေါက်တာ

ကပြောတယ် ... အဲဒါ ကြက်ပေါင်းခေါက်ဆွဲက သင့်တော်တယ်တဲ့ သား ..."

"ဩော် ... ဟုတ်ကဲ့ ဒယ်ဒီ ... ကျွန်တော်ပြန်လာရင် ဝယ်ခဲ့ပါ့မယ် ..."

"အင်း ... ဒါဆို ဒယ်ဒီဖုန်းချ လိုက်တော့မယ် ..."

"ဟုတ်ကဲ့ ဒယ်ဒီ ..."

သူ ဖုန်းချလိုက်ကာ အလုပ်ကို ဆက်လုပ်လိုက်တော့သည်။ ဒယ်ဒီနဲ့ လရိပ်လွှာရဲ့အမေ ဒေါ်မြစိမ်းလွှာတို့က တကယ်တော့ ဘာမှမတော်ပေ။ ဒါပေမဲ့ ဒယ်ဒီနဲ့ ဒေါ်မြစိမ်းလွှာရဲ့ယောကျ်ား ဦးကမ္ဘာစိုးတို့က ညီအစ်ကိုတွေဖြစ်သည်။ အဲ့တော့ လရိပ်လွှာနဲ့ သူနဲ့ကလည်း မောင်နှမဝမ်းကွဲတွေ တော်စပ်သွားကြတော့၏။ သူ့စိတ်ထဲမှာတော့ သူတို့တွေကို အမျိုးလို့ကို မထင်တာပဲဖြစ်သည်။ ဒါကလည်း ဘယ်လိုရေစက်လဲ ဆိုတာကို သူနားမလည်ပါ။ တကယ်တော့ ဒယ်ဒီတို့က မောင်နှမသုံးယောက် ရှိတယ်လို့ သူကြားထားခဲ့တာ။ အခုတော့ သူသိတာ ညီအစ်ကိုနှစ်ယောက်ပဲ ရှိသည်။ ကျန်တဲ့ အမျိုးသမီးတစ်ယောက်က ဘယ်သူလဲ။ အဲဒါ ကို သူမသိပါ။ ဒယ်ဒီကလည်း သူ့ကို အဲ့အကြောင်းတွေ မပြောပြ။ ဒါမှမဟုတ် နောက်ထပ် အဒေါ်တစ်ယောက် ရှိသေးတယ်ဆိုတာ သူအမှတ် မှားတာများလား။ အို ... မသိတာဘဲ ကောင်းပါတယ်။ မရှိရင် ပိုတောင်ကောင်းဦးမယ်။ အဲဒီ ဒေါ်မြစိမ်းလွှာတို့နဲ့ ပတ်သက်ဖို့အတွက် သူ ဝန်လေးတယ်။ သူတို့စိတ်ရင်းတွေက ပုံမှန်မဟုတ်ကြတော့ ဆွေမျိုးလည်း မတော်ချင်ပေ။ နေလစံအိမ်တော် ဆိုတာကို သူကြားသာ ကြားဖူးတာ တစ်ခါမှ ရောက်ဖူးတာမဟုတ်။

***

## အခန်း(၂)

"ဟင် ... ကိုဝေး စာပြန်ရေးတော့မယ် ဟုတ်လား ..."

"ဟုတ်တယ် ပို့ျ ... အခု ပြင်ဦးလွင်ကိုသွားပြီး စာရေးမလို့ ..."

သူ့စကားတွေကို နားထောင်ကာ သူမမျက်နှာက ပျော်ရွှင်နေလေသည်။

"ကောင်းလိုက်တာ ကိုဝေးရယ် ... ပို့ျက ကိုဝေး ဘယ်တော့မှ စာပြန်မရေးတော့ဘူး ထင်နေခဲ့တာ ... အခုတော့ ကိုဝေးစာပြန် ရေးတော့မယ် ..."

"အင်း ..."

နှစ်ယောက်သား ကော်ဖီဆိုင်ထဲမှာ ထိုင်ပြီးစကားပြောနေကြခြင်းဖြစ်သည်။ သူ ကော်ဖီဖလားကိုယူပြီး သောက်လိုက်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက် နေ၏။ ဆိုင်ထဲမှာ စားပွဲဝိုင်း သုံးလေးဝိုင်း လောက်မှာသာ စားသုံးသူတွေ ရှိနေကြသည်။

"ပြင်ဦးလွင်ကို ကိုဝေးတစ်ယောက်တည်း သွားမှာလား ... ဘယ်သူ့ကို ခေါ်သွားဦးမှာလဲ ..."

"ကိုယ်နဲ့ မောင်ထွေးနှစ်ယောက်ပဲ သွားမှာ..."

"ဟုတ်လား ... ပို့ျ လိုက်ခဲ့လို့ရမလား ကိုဝေး ..."

ပို့ျစကားကြောင့် သူ့အကြည့်တွေက ပို့ျဆီသို့ ရောက်သွားလေသည်။

"ဟို ... ကိုဝေးတို့က ယောကျ်ားသား နှစ်ယောက်ထဲဆိုတော့ အချက်အပြုတ် အလျှော်အဖွတ်ကို ပို့ျလုပ်ပေးရအောင်လို့ မေးကြည့်တာပါ ..."

"မသင့်တော်ဘူး ပျို ... နောက်ပြီး ကိုယ်တို့က သူစိမ်းတွေပါ ... ပျိုက မိန်းကလေး တစ်ယောက်တည်း မလိုက်ခဲ့နဲ့ ..."

"ပျိုက ကိုဝေးအနားမှာ ရှိနေချင်တာ တစ်ခုတည်းပါ ..."

"ကိုယ့်အပေါ်မှာ အဲ့လောက်အထိ သံယောဇဉ်မတွယ်နဲ့ ပျို ... ကိုယ်နဲ့ပျိုက သူစိမ်းတွေပါ ... အဲ့ထက် ရှင်းရှင်းလင်းလင်း ပြောရမယ်ဆိုရင် ကာရံသာ မဆုံးခဲ့ရင် ပျိုက ကိုယ့်ခယ်မ တစ်ယောက်ပဲ ..."

သူ့စကားကြောင့် ပျိုက ခေါင်းငုံ့ သွားလေတော့သည်။ ပျို စိတ်မကောင်း ဖြစ်သွားမယ်ဆိုတာ သူသိပေမဲ့ ဆက်မပြောဘဲ ငြိမ်နေလိုက်၏။ သူ့အပေါ် ထားတဲ့ ပျို့ရဲ့စိတ်ထားကို သူ သေချာသိသည်။ ပျိုက သူ့ကို အစ်ကိုတစ်ယောက်ထက် သဘောကျတဲ့ ယောကျ်ားလေး တစ်ယောက်လိုမျိုး သဘောထားခဲ့တာ။

"ပျို နားလည်ပါတယ် ကိုဝေး ... ဒါပေမဲ့ ..."

"တကယ်ဆိုရင် ကိုယ်တို့တွေ ပတ်သက်စရာ အကြောင်းမရှိတော့ဘူး ပျို ... ကိုယ်တို့က အရင်ကသာ သိကျွမ်းခဲ့ကြတာ အခု သူစိမ်းတွေပဲလေ ဟုတ်တယ်မို့လား ..."

"ဟုတ်ပါတယ် ကိုဝေး ပြောတာမှန်ပါတယ် ... ဒါပေမဲ့ ပျိုက ကိုဝေးအနားမှာပဲ နေချင်လို့ပါ ကိုဝေး ... အဲဒါ ကြောင့် အခုချိန်ထိ ကိုဝေးရှိရာ အရပ်မှာ ပျို ရှိနေခဲ့တာပေ့ါ ကိုဝေးရယ် ..."

"ဒါပေမဲ့ မသင့်တော်ဘူး ဆိုတာကို ပျိုသိသင့်တယ် ... အဲဒါကြောင့် နောက်ဆိုရင် ကိုယ်နဲ့ခပ်ဝေးဝေးမှာ နေပေးပါ ပျို ... သူ့အစ်မကို မရလို့ သူ့ညီမကို လိုချင်နေတယ်ဆိုတဲ့ စကားမျိုးတွေကို ပတ်ဝန်းကျင်က ပြောလာမှာ ကိုယ်မလိုချင်ဘူး ... ကိုယ့်သိက္ခာရော ပျို့သိက္ခာရောအတွက် ပြောတာ

ပါ ..."

"ကိုဝေးရယ် ... ဘယ်သူမှ ပျို့တို့ကို အဲ့လိုမပြောပါဘူး ... ကိုဝေးက အစိုးရိမ်လွန်နေတာပါ ... မမရိုကတည်းက ပျို့တို့က အတူတူ တွဲသွားတွဲလာ ရှိခဲ့တာပဲလေ ..."

"အဲဒါက ကာရံရှိခဲ့တဲ့ အချိန်တုန်းကလေ ... နောက်ပြီး ကာရံက ကိုယ့်ချစ်သူဖြစ်ခဲ့တဲ့ အချိန်တုန်းက ... အခု ကာရံမရှိတော့ဘူး ပျို့နဲ့လည်း ပတ်သက်စရာအကြောင်း ကိုယ့်မှာ မရှိတော့ဘူး ပျို့ ... ကိုယ်တို့တွေ ကင်းကင်းရှင်းရှင်းပဲ နေကြရအောင် ..."

သူ့စကားတွေကို နားထောင်ကာ ပျို့က ဝမ်းနည်းသွားလေတော့သည်။ ဒါပေမဲ့လည်း သူ မသိချင်ယောင်သာ ဆောင်နေလိုက်တော့၏။ မဟုတ်ရင် လေညှင်းပျို့ရဲ့ သံယောဇဉ်ကြိုးက ဖြတ်လို့ရမှာ မဟုတ်ပေ။ သူ့အပေါ်ထားတဲ့ လေညှင်းပျို့ရဲ့ ခံစားချက်ကို သူသိသည်။ နှစ်တွေဒီလောက်တောင် ကြာပြီဆိုတော့ ဖြတ်လို့ရမှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ သူ့အတွက်တော့ မတွယ်သင့်တဲ့ သံယောဇဉ်ကြိုးကို အခုကတည်းက ဖြတ်ထားမှဖြစ်မည်။ မဟုတ်ရင် ပျို့နဲ့သူ့ကြားမှာ ဖြေရှင်းလို့မရတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာတော့မှာပဲဖြစ်သည်။

"မမသာ မဆုံးပါးခဲ့ရင် ကိုဝေးရဲ့ နှလုံးသားတွေ ဒီလောက်အထိ ကြမ်းတမ်းခက်ထန်လာမှာ မဟုတ်ဘူး ... ကိုဝေးရဲ့ နာကျင်မှုတွေကို ပျို့ ကုစားပေးပါရစေ ကိုဝေး ..."

"ပျို့ ... ကိုယ့်ကို ခေါင်းစားအောင် လာမလုပ်ပါနဲ့ ... ကိုယ်တို့တွေရဲ့ တွေ့ဆုံမှုက ဒီနေ့ဟာ နောက်ဆုံးပဲဖြစ်တယ် ... ပြီးတော့ ကိုယ်ကာရံကို မေ့နိုင်ခဲ့ပြီ ပျို့ ... ကိုယ် အခုချိန်ကစပြီး ကိုယ်ဝါသနာပါတဲ့ စာတွေရေးပြီး ဘဝကို ပျော်ရွှင်စွာဖြတ်သန်း သွားတော့မယ် ..."

"ဟင် ... မမကို ကိုဝေး မေ့နိုင်ခဲ့ပြီ ဟုတ်လား ..."

မယုံကြည်နိုင်တဲ့ အကြည့်တွေဖြင့် မေးလာတဲ့ သူမကို သူခေါင်းပဲ ညိတ်ပြလိုက်၏။

"မဖြစ်နိုင်တာ ... ကိုဝေးပြောတော့ မမကို ဘယ်တော့မှ မေ့မသွားဘူးဆို ..."

"အဲဒါ တွေအားလုံးက အတိတ်မှာ ကျန်ခဲ့ပါပြီ ... ပြီးတော့ ကာရံမဆုံးခင်က သူ့ကို မေ့ပစ်လိုက်ဖို့အတွက် ပျို့ရှေ့မှာ ပြောခဲ့တာပဲလေ ဟုတ်တယ်မို့လား ..."

"ဟုတ်ပါတယ် ကိုဝေး ... ဒါပေမဲ့ ရုတ်တရက်ကြီး ကိုဝေးက မမကိုမေ့နိုင်ပြီ ဆိုတော့ ပျို မယုံနိုင်လို့ပါ ..."

"ဟုတ်တယ် ... ကာရံကို တကယ်မေ့နိုင်သွားပြီ ... အဲဒါကြောင့်လည်း ကိုယ် စာတွေကို အာရုံစိုက်ပြီး ရေးတော့မယ် ..."

"ကောင်းပါတယ် ကိုဝေး ... မမအဖြစ်ချင်ဆုံး ဆန္ဒကို ကိုဝေးဖြည့်ဆည်းပေးလိုက်တာပါပဲ ... ပျိုလည်း မမအတွက် ဝမ်းသာပါတယ် ..."

"အင်း ... ကိုယ် မနက်ဖြန်သွားတော့မယ် ... ဒီနေ့က ကိုယ်တို့တွေ နောက်ဆုံးတွေ့ဆုံ တာပါပဲ ..."

"ကိုဝေးရယ် ..."

"ကိုယ် သွားတော့မယ်နော် ..."

"ဟုတ် ... ကျန်းမာရေး ဂရုစိုက်ပါ ကိုဝေး ... ပျို ဖုန်းဆက်ရင်လည်း အရင်လို မကိုင်ဘဲ မနေပါနဲ့နော် ..."

သူ ပျို့ကိုပြုံးပြကာ ကော်ဖီဆိုင်ထဲကနေ ထွက်လာလိုက်တော့သည်။ ဟုတ်တယ် သူ့လုပ်ရပ် မမှားဘူး။ အခုကတည်းက သံယောဇဉ် ဖြတ်ထား

တာ မှန်တယ်။ မဟုတ်ရင် မတွယ်သင့်တဲ့ သံယောဇဉ်တွေ တွယ်လာတော့မှာ။ သူ့ဘက်က ပျို့အပေါ်မှာ ညီမလေး တစ်ယောက်လိုသာ ခင်တွယ်သည်။ အဲ့ထက် နည်းနည်းလေးမှ မပို။ ဒါပေမဲ့ ပျိုကတော့ သူ့အပေါ်မှာ သူ့လိုမျိုး မရိုးသားပေ။ အဲဒါကြောင့် သံယောဇဉ်မြန်မြန် ဖြတ်မှသာ နှစ်ယောက်စလုံးအတွက် သင့်တော်မည် ဖြစ်သည်။ ပြင်ဦးလွင် ရောက်ရင်တော့ သူ စာရေးတာကိုပဲ သေချာအာရုံစိုက်ရမယ်။ အဲဒါ ဆိုရင်တော့ သေချာပေါက် အတိတ်က အရာအားလုံးကို မေ့သွားနိုင်တော့မှာပဲ ဖြစ်သည်။

***

"မဖြစ်နိုင်ပါဘူး သမီးရယ် ..."

"မာမီကလည်း ဘာလို့ မဖြစ်နိုင်ရတာလဲ ... မာမီက ကြိုးလည်း မကြိုးစား ကြည့်ရသေးဘဲနဲ့ ..."

နှုတ်ခမ်းလေးဆူကာ ပြောလိုက်တော့ မာမီက လရိပ်ကို မျက်စောင်းထိုးကြည့် လာလေသည်။ မာမီက ခေတ်နဲ့အညီ နေတတ်သူဖြစ်တော့ မာမီ့မျက်နှာမှာ နောက်ဆုံးပေါ် အလှပြင် ပစ္စည်းတွေကလည်း လှပစွာ ရှိနေသေးသည်။

"သူတို့ကို ထမင်းစားဖိတ်လည်းလာမှာ မဟုတ်ဘူး ... ဘယ်တုန်းကများ နေလစံအိမ်တော်ကို လာခဲ့ဖူးလို့လဲ သမီးရယ် ... ဟင့်အင်း မဖြစ်နိုင်ပါဘူး ..."

"မာမီကလည်း ... လရိပ်က ကိုနေနဲ့အတူ ထမင်းစားချင် လို့ပါဆို ..."

"ကုမ္ပဏီမှာ အတူစားကြတာ မဟုတ်ဘူးလား ..."

"မဟုတ်ပါဘူး ... ကိုနေက အိမ်ပြန်ပြီးစားတာ ... တစ်ခါမှ ထမင်းမထုတ်ဘူး ..."

"ဟုတ်လား ..."

မာမီက လရိပ်စကားကို မယုံကြည်သလို မေးလာသဖြင့် လရိပ် သက်ပြင်းချလိုက် မိလေတော့သည်။

"တကယ်ပေါ့ မာမီရယ် ... လရိပ်သာ ကိုနေနဲ့ ထမင်းအတူ စားခွင့်ရမယ် ဆိုရင် အခုလိုမျိုး ဆက်ဆံရေးတွေ တင်းမာနေမှာ မဟုတ်ဘူး ... အခုတော့ ကိုနေက လရိပ်ကို သူစိမ်းလိုမျိုးပဲ ဟွန့် ..."

လရိပ် အလိုမကျစွာ ပြောလိုက်တော့ မာမီမျက်နှာကလည်း အလိုမကျ သလို မျက်နှာပျက်သွားလေသည်။ မာမီက လရိပ်ထက်ပိုပြီး မာနကြီးတဲ့သူ ဖြစ်တော့ လရိပ်ပြောလိုက်တဲ့ စကားက မာမီ့မာနကို ထိခိုက်သွားသည့်ပုံ ပင်။

"သူက သမီးကို တကယ်ပဲ အဲ့လိုဆက်ဆံသလား ..."

"ဟုတ်တယ် မာမီ ... လရိပ်က သူ့အတွင်းရေးမှူး ဆိုပေမဲ့ ဘယ်တုန်းကမှ လရိပ်ကို မျက်နှာသာ မပေးခဲ့ဘူး ... အစည်းအဝေးတက်ဖို့ နောက်ကျရင် လည်း လရိပ်ကို အပြစ်ပြောတယ် ... ရုံးတက်နောက်ကျရင်ပဲ ဖြစ်ဖြစ် ရုံးဆင်းစောရင်ပဲဖြစ်ဖြစ် လရိပ်ကို ဆူတယ် ..."

"နေဗဟိုရ် ... နေဗဟိုရ် ... သူက ကိုယ့်ဘဝကိုယ် မသိဘူးပဲ ..."

မာမီ့စကားကြောင့် လရိပ် နားမလည်နိုင် ဖြစ်သွားကာ မျက်မှောင်ကြုတ်သွား မိလေသည်။ မာမီ့မျက်နှာကလည်း ကိုနေ့ကို အလို မကျသလို မျက်နှာပျက်နေ၏။ မာမီက လရိပ်ကို သိပ်ချစ်သည်။ ဟိုးငယ် ငယ်ကတည်းက လရိပ်ကို အစစအရာရာ အလိုလိုက်ခဲ့၏။ အဲဒါကြောင့် ကို နေက လရိပ်ကို အခုလိုဆက်ဆံ လိုက်သည့်အတွက် မာမီလည်း အလိုမကျ ဖြစ်သွားတယ် ဆိုတာကို လရိပ်နားလည်သည်။ ဒါပေမဲ့ အခု မာမီပြော

လိုက်တဲ့ စကားကိုတော့ လရိပ် နားမလည်ပါ။

"မာမီပြောချင်တာ ဘာအဓိပ္ပာယ်လဲ မာမီ ..."

ဒေါ်မြစိမ်းလွှာ သမီးဖြစ်သူရဲ့ အမေးကြောင့် သူမစကားမှားသွားပြီ ဆိုတာကို သတိထားမိလိုက်ကာ ချက်ချင်းပဲ မျက်နှာအနေအထားကို ပြင်လိုက်ပြီး သမီးဖြစ်သူကို ပြုံးပြလိုက်ပြီး ...

"မာမီပြောချင်တာက သူက ဘာလို့ မာမီ့သမီးအပေါ် ဒီလိုဆက်ဆံရတာလဲလို့ ပြောချင်တာပါကွယ် ... မာမီ့သမီးကို သူက သူ့အလုပ်သမားများအောက်မေ့နေသလား ... မာမီ ဒီကိစ္စကို နည်းနည်းလေးမှ မကျေနပ်ဘူး ..."

"လရိပ်လည်း ကိုနေ့ကို မကျေနပ်ဘူး မာမီ ... ဒါပေမဲ့ ကိုနေ့ကို အပြစ်မတင်ပါနဲ့ မာမီရယ် ... လရိပ်က အလုပ်ကို ကောင်းကောင်းမလုပ်လို့ ကိုနေက ဆုံးမတာ နေမှာပါ ထားလိုက်ပါတော့ ..."

"အို မဟုတ်သေးပါဘူး သမီးရယ် ... နေဗဟိုရ်က သိပ်ပြီးမာနကြီးတာ ... သူ့မှာရှိသင့်တဲ့ မာနထက်ကို သူက မာနပိုထားနေတာ ..."

သူမ အဲ့လိုပြောလိုက်တော့ သမီးလေးက သူမဘေးနားက ဆိုဖာသို့ ရွှေ့ထိုင်လာကာ သူမလက်မောင်းကို လက်နှစ်ဖက်နဲ့ အသာဆုပ်ကိုင် လာလေသည်။

"ကိုနေက အဲ့လိုပုံစံနဲ့မှ လိုက်တာ မာမီရဲ့ ... လရိပ်လေ သူအဲ့လိုမာနကြီးတာကို ပိုသဘောကျတယ် ..."

ဒီမာနမင်းသား အပေါ်မှာ သံယောဇဉ်ကြီးနေတဲ့ သမီးဖြစ်သူကို သူမ မျက်စောင်းထိုးလိုက်ကာ ...

"သမီးနော် ... ဣန္ဒြေရရနေစမ်း ... ဟိုက သမီးကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် ထင်တာမဟုတ်ဘူး ..."

မာမီ့လက်မောင်းကို ဆုပ်ကိုင်ထားရင်းကနေ လရိပ် ကလေးတစ်ယောက်လို ချွဲလိုက်ပြီး ...

"မာမီကလည်း ... လရိပ်သိပါတယ် ... ပြီးတော့ ကိုနေပြောတာတွေကိုလည်း လရိပ်နားလည်တယ် ... လရိပ်တို့က မောင်နှမ ဝမ်းကွဲတွေပဲဟာကို ..."

ဒေါ်မြစိမ်းလွှာ သမီးဖြစ်သူကို ခေါင်းတယမ်းယမ်းဖြင့်သာ ကြည့်လိုက်မိလေသည်။ သက်ပြင်းတစ်ခုကိုလည်း မသက်မသာ ချလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကိုနေတို့ သားအဖကို ထမင်းစားဖိတ်ဖို့အတွက် ကြိုးစားပေးပါ မာမီရယ် ... ဒီတစ်ပတ် ရုံးပိတ်ရက်မှာ ဖိတ်လိုက်လေနော် မာမီ ..."

"နေဦးသမီး ... သူတို့က မာမီတို့ရဲ့ ဖိတ်ကြားမှုကို လက်ခံမှာမဟုတ်ဘူး ... အဲဒါ ဘယ်သူ့ကြောင့်လဲဆိုတာ သမီးသိတယ်မို့လား ... နေဗဟိုရ် ... နေဗဟိုရ် ... သူက ဆွေမျိုးတွေ အားလုံးနဲ့ အဆက်အသွယ် ဖြတ်တဲ့အထိတောင်မှ အတင့်ရဲလာပြီပဲ ..."

"ဟင် ... ဘာလို့လဲ မာမီ ..."

"ကျွတ် ... တော်တော့ မာမီ သူတို့ကို ထမင်းစားဖိတ်ဖို့အတွက် စဉ်းစားလိုက်ဦးမယ် ..."

"ဒါမှ လရိပ်မာမီကွ ..."

ဒေါ်လေးကို ပွေ့ဖက်ကာ ပါးကိုနမ်းနေတဲ့ မမလရိပ်ကိုကြည့်ပြီး ဆွေးအားကျစွာ ပြုံးလိုက်မိလေသည်။

"ဒေါ်လေး မနက်စာစားဖို့ အဆင်သင့် ဖြစ်ပါပြီ ..."

"အေး ... အေး ... လာခဲ့မယ် ..."

"ဟုတ်ကဲ့..."

ဆွေး ပြောစရာ ရှိတာပြောကာ သူတို့သားအမိကို ကျောခိုင်း လိုက်တာ တောင်မှ သူတို့ရဲ့ ကြည်နူးနေမှုက ဆွေးမျက်လုံးထဲမှာ စွဲထင်နေသေးသည်။

"အဆွေးည ..."

မမလရိပ်ရဲ့ အသံကြောင့် ဆွေး နောက်သို့ပြန်လှည့်ကြည့် လိုက်ရ တော့သည်။

"နေဦး ငါ့အခန်းထဲက အဝတ်တွေ ယူသွားဦး ... လျှော်ပြီး မီးပူတိုက်ပေး ထား ..."

"ဟုတ်ကဲ့ မမလရိပ် ..."

ဆွေး ခြေလှမ်းတွေက မမလရိပ် အခန်းရှိရာသို့ ဦးတည်သွားလိုက် ရ တော့သည်။ အခန်းထဲသို့ ဝင်လိုက်ပြီး ခုတင်ပေါ်မှာ ပုံထားတဲ့ လျှော်ရမယ့် အဝတ်ပုံကြီးကိုကြည့်ကာ ဆွေး သက်ပြင်းချလိုက် မိတော့၏။ တကယ်ဆို ရင် တစ်နေ့ဝတ် တစ်နေ့လျှော်ဖို့အတွက် ဆွေးကိုခိုင်းရမှာ။ အခုတော့ အကုန်လုံးကို စုပြီးလျှော်ခိုင်းသည်။ မမလရိပ်က တစ်နေ့ကို ဝတ်စုံငါးစုံ လောက် လဲတဲ့သူဆိုတော့ သုံးလေးရက်ဆိုရင်ပဲ အဝတ်တွေက ပုံနေပြီ ဖြစ်သည်။ မမလရိပ်အခန်းကို ကြည့်ကာ ဆွေး ပြုံးလိုက်မိလေသည်။

"အခန်းက အကျယ်ကြီးပဲ ... မွေ့ရာခုတင်ကြီးကလည်း ကိုင်ကြည့်တာ တောင်မှ အိထွက်နေတာဆိုတော့ အိပ်လို့ကောင်းမှာပဲ ... ဒီခုတင်ကြီးပေါ် မှာ မေမေ့ကို အိပ်ခိုင်းချင်လိုက်တာ ..."

ဆွေး ကိုယ့်အတွေးကိုယ် သဘောကျစွာ ပြုံးလိုက်မိလေသည်။ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်တဲ့ ဆုတောင်းမျိုးကို ဆွေးအမြဲတမ်းလိုလို ဆုတောင်းမိတတ်သည်။ အဲဒါကတော့ မေမေ့ကို လူအကောင်းပကတိ ပြန် ဖြစ်ဖို့ရယ် ဒီစံအိမ်တော်ကြီးက ဆွေးတို့သားအမိနဲ့လည်း ဆိုင်တဲ့ဆိုတဲ့

အကြောင်းရယ်ပဲဖြစ်သည်။

"ဘာတွေ အဲ့လောက်ကြာနေတာလဲ ခုတင်ပေါ်က အဝတ်ပုံကြီးကို မတွေ့ဘူးလား ..."

တံခါးပွင့်လာသံနှင့်အတူ မမလရိပ်ရဲ့ အသံကိုလည်း ကြားလိုက်ရသဖြင့် ဆွေးခန္ဓာကိုယ်လေးက ဆတ်ခနဲ တုန်သွားကာ ခုတင်ပေါ်က မွေ့ရာကိုကိုင်နေတဲ့ လက်တစ်ဖက်ကလည်း အလိုလို နောက်သို့ ဆုတ်သွားရတော့သည်။ ခုတင်ပေါ်က အဝတ်တွေကို ပွေ့ယူလိုက်ပြီး မမလရိပ်ကို လှည့်ကြည့်လိုက်ကာ ...

"ဆွေး တွေ့ပါတယ် မမလရိပ် ..."

"တွေ့ရင်လည်း သွားတော့ ... သေချာလျှော်နော် ... ဒီတစ်ခါ ပြဲတာပေါက်တာ တွေ့လို့ကတော့ နင့်ပါးပုပ်ပြီလို့သာ မှတ်လိုက်တော့ ..."

"ဟုတ် ... ဟုတ်ကဲ့ပါ မမလရိပ် ..."

ခေါင်းကို မမော့ရဲဘဲ ခေါင်းငုံ့လျှက်ပင် ဆွေးပြန်ပြောလိုက် ရတော့သည်။ ထို့နောက် အဝတ်တွေကိုယူကာ မမလရိပ်ရှေ့ကနေ အမြန်ဆုံး ထွက်လာလိုက်တော့၏။

"ကြောင်တောင်တောင်နဲ့ ဘာမှန်းကို မသိဘူး ..."

ဒါတောင်မှ အပြောကခံလိုက် ရသေးသည်။ ဆွေးလည်း ဒီစံအိမ်တော်နဲ့ တော်တော်လေးကို ဝဋ်ကြွေးပါလာသည့် ပုံပင်။ ငယ်ငယ်လေးကနေ အခုချိန်ထိ အကုန်လုံးကို မညည်းမညူ လုပ်ပေးပေမဲ့လည်း တစ်ခါမှ အကောင်းပြောတာကို မခံခဲ့ရပါ။ ကြည့်ရတာ အရင်ဘဝတုန်းက ဆွေး သူတို့အပေါ်မှာ အပြစ်ကြီးကြီး လုပ်ခဲ့မိသည့်ပုံပင်။ ဒါက ဝဋ်ကြွေးဆိုရင်လည်း ဒီဘဝ ဒီအမျှနဲ့ပဲ ကြေပါစေတော့ အရှင်ဘုရား ...။

***

အိမ်ကိုကြည့်ကာ ဝေးတော်တော်လေး သဘောကျနေ မိတော့၏။ ပြင်ဦး လွင်ကအိမ်တွေ ဒီလောက်လှတာကို သိပေမဲ့ သူနေရမယ့်အိမ်က ပိုပြီး တောင်မှ လှနေသလိုပင်။ ခေါင်းမိုးက မီးခိုးတိုင်ကို လှမ်းမြင်နေရသဖြင့် အိမ်ထဲမှာ မီးလင်းဖို ရှိနေမယ်ဆိုတာ သိလိုက်ရသည်။ ခြံထဲမှာလည်း သီးပင်စားပင်တွေက ရှိနေသေး၏။ စတော်ဘယ်ရီ စိုက်ခင်းလေးတွေ တောင်မှ သေချာစိုက်ပျိုး ထားသေးသည်။ တခြား ဟင်းသီးဟင်းရွက် ပင် လေးတွေနဲ့ စိမ်းစိမ်းစိုနေတဲ့ ခြံဝန်းလေးကို မြင်ရသည်မှာ စိတ်ချမ်းသာ စရာ ကောင်းလှသည်။

"အစ်ကိုလေး အိမ်ထဲကို ဝင်ရအောင်လေ ..."

"အင်း ..."

မောင်ထွေးက အထုပ်အပိုးတွေကို သယ်လာပြီး သူက လက်တော့ပ်ထည့် ထားတဲ့ အိတ်နဲ့ ကျောပိုးအိတ်တစ်လုံးကို လွယ်ထားခြင်း ဖြစ်သည်။

"အိမ်လေးက ချစ်စရာလေးနော် အစ်ကိုလေး ..."

"အင်း ဟုတ်တယ် ..."

"တိတ်ဆိတ်အေးချမ်းသော အစ်ကိုလေး စာရေးရတာ အရမ်းအဆင်ပြေ မှာ သေချာတယ် ..."

"အင်း ..."

အိမ်တံခါးမကြီးက ကျွန်းတံခါး ချပ်ကြီးတွေကိုကြည့်ကာ ဝေးသဘောကျ သွား မိပြန်သည်။ ရှေးခေတ်က ပန်းပုလက်ရာ ရောစွပ်နေတဲ့ တံခါးမကြီး တွေကို မြင်ရသည်မှာ နန်းတော်ကြီးကဲ့သို့ ဖြစ်နေ၏။ တစ်ထပ်အိမ်လေး ဖြစ်တာတောင်မှ ခပ်ကျယ်ကျယ် ခပ်မြင့်မြင့်မို့ သူပိုပြီး သဘောကျမိ သွား

တာဖြစ်သည်။

"အထုပ်အပိုးတွေကို အစ်ကိုလေး အခန်းထဲမှာ ကျွန်တော် သွားထားလိုက်မယ်နော် အစ်ကိုလေး ..."

"အင်း ... ငါ ခြံထဲကို ဆင်းကြည့်လိုက်ဦးမယ် မောင်ထွေး ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

သူ့အခန်းကို သူ့အကြိုက် ရွေးထားခဲ့ပြီးသားဖြစ်လို့ မောင်ထွေးက သူ့ပစ္စည်းတွေကို သူ့အခန်းထဲသို့ ယူသွားလေတော့သည်။ လက်တော့ပ်အိတ်နဲ့ ကျောပိုးအိတ်ကို ဧည့်ခန်းထဲက ခုံပေါ်မှာ တင်ခဲ့လိုက်ပြီး သူ ခြံထဲကို ဆင်းလာခဲ့လိုက်၏။ စတော်ဘယ်ရီခင်းကို ကျော်လိုက်ကာ ခြံစည်းရိုးနား ကပ်နေတဲ့ နွယ်ပင်လေးတွေဆီသို့ အကြည့်က ရောက်သွားလေသည်။ အလေ့ကျ ပေါက်နေတဲ့ ပန်းနွယ်ပင်လေးတွေကိုကြည့်ကာ သူကျေနပ်စွာ ပြုံးလိုက်မိ၏။

"ငါ အရွေးမမှားခဲ့ဘူးပဲ ..."

ပန်းနွယ်ပင်လေးတွေက အုတ်နံရံပေါ်သို့ ခိုကပ်ကာ တက်နေကြလေသည်။ ဟိုဘက်ခြံဝိုင်းကို လှမ်းပြီးကြည့်လိုက်တော့ နှစ်ဆောင်မြိုင် အိမ်ကြီးတစ်အိမ် ဖြစ်နေ၏။ အပြင်ကနေ ကြည့်ရတာတောင် ဒီလောက်လှရင် အထဲမှာလည်း တော်တော်လှမှာပဲလို့ သူ တွေးလိုက်မိလေသည်။

"ဘုတ် ..."

"ဟင် ..."

အသံကြောင့် သူ နောက်သို့ လှည့်ကြည့်လိုက်တော့ သူ့ကျောဘက် အုတ်နံရံနားသို့ ကျလာတဲ့ အရာတစ်ခုကို မြင်သွားကာ အုတ်နံရံနားသို့ ကပ်လိုက်လေသည်။ ငှက်တစ်ကောင်က အုတ်နံရံအနားသို့ ကျလာခြင်း

ဖြစ်သည်။

"အို ... သေပြီလားမသိဘူး ဒုက္ခပါပဲ ..."

စိုးရိမ်ထိတ်လန့်နေတဲ့ အသံကိုလည်း အုတ်နံရံခြားကာ သူ ကြားနေရသည်။ ဟိုဘက်ခြံ ဝိုင်းထဲကနေ ဒီဘက်ခြံဝိုင်းထဲသို့ ကျလာတဲ့ ငှက်ကလေးအတွက် စိတ်ပူနေတဲ့ အသံပင်ဖြစ်သည်။ အသံကို ကြားရသည်မှာ ဒီငှက်ကလေးအတွက် အတော်လေးကို စိုးရိမ်နေ၏။ နောက်ပြီး အဲဒီအသံမှာ ဂရုဏာသံလည်း စွဲကပ်နေသေးသည်။ သူ ငှက်ကလေးကို အသာကောက်ယူ လိုက်ကာ သေချာကြည့်လိုက်တော့ ငှက်က အတောင်ပံမှာ ဒဏ်ရာရနေတာ ဖြစ်သည်။

"အတောင်ပံ နာနေပြီပဲ ..."

"ငှက်ကလေး သေသွားပြီလားဟင် ..."

"ဟင် ..."

နီးကပ်စွာ ပြောနေသလို ကြားလိုက်ရတဲ့ အသံကြောင့် သူ ဘေးဘီဝဲယာသို့ ကြည့်လိုက်တော့ ဘယ်သူ့ကိုမှ မတွေ့ရပေ။

"ငှက်ကလေး သေသွားပြီလားလို့ ဆွေးမေးနေတယ်လေ ရှင်ဘယ်တွေကို လိုက်ကြည့်နေတာလဲ ဆွေး အုတ်နံရံအပေါ်မှာ ..."

"ဟင် ..."

အုတ်နံရံပေါ်က မိန်းကလေးကိုကြည့်ကာ သူ ရုတ်တရက် ဆွံ့အသွားတော့သည်။ ဖြူစင်တဲ့ မျက်နှာလေးက သူ့လက်ထဲက ငှက်ကလေးဆီမှာသာ စိုးရိမ်ကြီးစွာ ရောက်ရှိနေလေသည်။ သူမ အုတ်နံရံအပေါ်ကို ဘယ်လိုတက်မှန်း မသိပေမဲ့ သူမဝတ်ထားသည်မှာ လုံချည်ဆိုတာကိုတော့ သူကောင်းကောင်းသိသည်။ ဒီလိုပုံစံနဲ့ ဘယ်လိုများ တက်လာပါလိမ့်။

မျက်နှာလေးက ပြောင်ရှင်းကာ သနားစဖွယ် သူမကိုမြင်လိုက်ရတဲ့ ခဏ အတွင်းမှာပဲ သူ့ရင်ထဲက ဂရုဏာတရားတွေက တိုးထွက် လာလေ တော့သည်။

"ဒါ မင်းငှက်ကလေးလား ..."

"ဆွေး ငှက်တော့မဟုတ်ပါဘူး ... စံအိမ်တော်ပေါ်ကနေ ပြုတ်ကျသွားလို့ ဆွေး လိုက်ကောက်ရင်းနဲ့ ဒီဘက်ခြံထဲ ကျသွားတာ ... ငှက်ကလေး ဘာဖြစ် သွားတာလဲဟင် ..."

သူ ငှက်ကလေးကို သူမမြင်သာအောင် အသာအယာ မြှောက်ပြလိုက်ပြီး ...

"အတောင်ပံမှာ ဒဏ်ရာရသွားတယ် ..."

"ဟုတ်လား ... တော်သေးတာပေါ့ မသေလို့ ..."

"အင်း ... သေတော့မသေပါဘူး ..."

"အဲဒီငှက်ကလေး ဆွေးကိုပေးပါလား ... ဆွေး သူ့ကိုဆေးထည့်ပေးပြီး ပတ်တီး စည်းပေးလိုက်မယ်လေ ..."

"အင်း ..."

သူ ခြေဖျားထောက်ကာ ငှက်ကလေးကို သူမလက်ထဲသို့ လှမ်းထည့် ပေးလိုက်လေသည်။ သူမလက်သန်းလေး တစ်ချောင်းနဲ့ သူ့လက် ထိတွေ့ လိုက်တဲ့ အချိန်မှာပဲ သူ့ရင်ထဲမှာ အမျိုးအမည် မသိနိုင်တဲ့ ခံစားချက်တစ်ခု ကို ခံစားလိုက်ရတော့သည်။

"မင်းက အဲ့ဘက်အိမ်မှာ နေတာလား ..."

သူမက ငှက်ကလေးကို အသာပွတ်သပ်ကာ သူ့ကို ပြန်မကြည့်ဘဲ စကား တွေ ပြန်ပြောနေ၏။

"ဟုတ်ကဲ့ ... ဆွေးက ဒီအိမ်မှာနေတာပါ ..."

"ကိုယ်က ဒီနေ့မှ အိမ်ပြောင်းလာတာပါ ..."

"ဟင် ... လူအသစ်တွေပေါ့ ..."

အဲဒီတော့မှ သူမက သူ့မျက်နှာကို သေချာကြည့်လာတော့သည်။ လူသစ်တွေ ပြောင်းလာတာကို သူမအနေနဲ့ စိတ်ဝင်စားသည့်ပုံ မပေါ်ပေမဲ့လည်း ရုတ်တရက်ဆိုတော့ သူ့ကို အလေးထားသလို ကြည့်လာတာပဲ ဖြစ်သည်။

"ဟုတ်ပါတယ် ... ကျွန်တော့်နာမည်က လွမ်းရိပ်ဝေး ... ကျွန်တော့်ကို သိတယ်မို့လား ကျွန်တော်က စာရေးဆရာလေ ..."

"စာရေးဆရာ ..."

"ဟုတ်ကဲ့ ... စာရေးဆရာ လွမ်းရိပ်ဝေးပါ ..."

သူမက သူ့ကိုကြည့်ကာ ခေါင်းကုတ်နေသဖြင့် သူအံ့ဩသွားရတော့သည်။ သူမပုံစံက သူ့ကို လုံးဝမသိသည့်ပုံပင်။ ဒီခေတ် လူငယ်တော်တော်များများက သူ့စာတွေကို သဘောကျကြသည်။ ဒီကောင်မလေးက သူ့စာတွေကို သဘောမကျတာလား။ ဒါမှမဟုတ် သူ့စာအုပ်တွေကို မဖတ်ဖူးတာများလား။ ဒါပေမဲ့ သူ့ဝတ္ထုတွေက ရုပ်ရှင်တွေ ဗီဒီယိုတွေ ရိုက်နေတာဆိုတော့ စာအုပ်မဖတ် ဖူးရင်တောင်မှ ဇာတ်ကားတွေကြည့်ရင် သိနိုင်တာပဲလေ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့သမျှ ဒီကောင်မလေး ရှေ့ရောက်မှ အရှက်ကွဲရပြီ။

"ဟို ... ဆွေးမှာ စာဖတ်ဖို့ အချိန်မရှိတော့ စာရေးဆရာဆိုတာကိုလည်း မသိဘူး အားနာလိုက်တာ ..."

"ဟင် ..."

သူမပုံစံလေးကို ကြည့်ကာ သူ သနားသွားမိတော့သည်။ စာဖတ်ဖို့တောင်

အချိန်မရှိဘူးဆိုတော့ ဒီကောင်မလေးက အချိန်ပြည့် အလုပ်လုပ်နေ ရတာလား။

"ရပါတယ် ကိစ္စမရှိပါဘူး ... နောက်နေ့မှ မင်းကို ကိုယ့်စာအုပ်တွေ လက်ဆောင်ပေးဦးမယ် ... ဒါနဲ့ မင်း တီဗွီရော မကြည့်ရဘူးလား ..."

"ဟုတ် ... တီဗွီလည်း မကြည့်ရဘူး ... မေမေ့ကျန်းမာရေးကို ဂရုစိုက်နေရတော့ ဆွေးမှာ အချိန်ပို မရှိလို့ပါ ..."

"ဩော် ..."

သူ နားလည်စွာဖြင့်ပင် ခေါင်းညိတ်ပြလိုက် မိတော့သည်။

"မိဆွေးရေ မိဆွေး ..."

"ဟင် ... ဆွေးကိုခေါ်နေပြီ ဆွေး သွားတော့မယ်နော် ..."

သူ ပြန်ပြောတာကိုတောင် မစောင့်တော့ဘဲ သူမက အုတ်နံရံပေါ်ကနေ ဆင်းကာ ပျောက်ကွယ် သွားလေတော့သည်။ သူမပုံစံက အဲဒီအသံပိုင်ရှင်ကို အတော်လေး ကြောက်သည့်ပုံပင်။ ခေါ်သံကြားကြားချင်း ဆတ်ခနဲ တုန်သွားတာကို သူ သတိထားလိုက်မိ၏။ ဒီကောင်မလေးက တကယ် စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဒီကောင်မလေးဆီမှာ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေတယ်လို့ သူ့စိတ်ထဲမှာ ခံစားလိုက်ရ၏။ အိမ်ချင်း ကပ်ရပ်ဆိုတော့ ခဏခဏ တွေ့နေရမှာပဲ မကြာခင်မှာ ဒီကောင်မလေး အကြောင်းကို ငါ သိလာရတော့မှာပါ။ ရုတ်တရက်ကြီး အဲဒီကောင်မလေး အကြောင်းကို စိတ်ဝင်စားသွားမိတဲ့ သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်သွားမိပေမဲ့လည်း သူ ကျေနပ်စွာ ပြုံးလိုက်မိလေတော့သည်။

***

အခန်း(၃)

"ဟင်းပွဲတွေကို သေချာလေးပြင်နော် ဆွေးလေး ... ဒီနေ့လာမယ့် ဧည့်သည်တွေက အရေးကြီးတဲ့ ဧည့်သည်တွေတဲ့ ..."

"ဟုတ်ကဲ့ ဒေါ်လေးတင် ..."

ဟင်းချို ပန်းကန်တွေကို စားပွဲပေါ်ချရင်းကနေ ဆွေးပြောလိုက်လေသည်။ စံအိမ်တော်ကို ဧည့်သည်တွေ ခဏခဏ လာတယ်ဆိုပေမဲ့ ကြည့်ရတာ ဒီတစ်ခေါက်လာမယ့် ဧည့်သည်တွေက တော်တော်လေး အရေးကြီးသည့်ပုံပင်။ ဒေါ်လေးမြကိုယ်တိုင် ဝင်ပြီးစီမံ ပေးနေ၏။

"ကြားတာတော့ အမျိုးတွေ ဆိုလားပဲ ..."

"အမျိုးတွေ ဟုတ်လား ..."

ဒေါ်လေးတင်ရဲ့ စကားကြောင့် ဆွေး စိတ်ဝင်စားသွားရတော့သည်။ ဒေါ်လေးမြစိမ်းလွှာရဲ့ အမျိုးတွေဆိုရင် ဆွေးနဲ့ရော အမျိုးတော်တဲ့ သူတွေများလား။

"ဟုတ်တယ် ဆွေးလေး ... ဘယ်သူတွေလဲ ဆိုတာတော့ ဒေါ်လေးတင်လည်း သေချာမသိပါဘူးကွယ် ... ဒါပေမဲ့ အခုလိုမျိုး မြစိမ်းကိုယ်တိုင် ပြင်ဆင်ပေးတယ်ဆိုတော့ တကယ်အရေးကြီးတဲ့ လူတွေပဲ ဖြစ်ရမယ် ..."

"ဟုတ်ကဲ့ ဒေါ်လေးတင် ..."

"ဒေါ်တင်မေ အားလုံးအဆင်သင့် ဖြစ်ပြီလား ..."

"အဆင်သင့်ဖြစ်ပြီ မြစိမ်း ... ဘာလိုအပ်သေးလဲ မြစိမ်းကြည့်လိုက်ပါဦး

..."

ဒေါ်လေးမြစိမ်းက ခေါင်းတစ်ချက်ညိတ်ကာ စားပွဲပေါ်က စားသောက်ဖွယ်ရာတွေကို သေချာလိုက်ကြည့် နေလေသည်။ အသားဟင်းပန်းကန်းတွေ၊ အရွက်ကြော်ပန်းကန်တွေ၊ အသုပ်ပန်းကန်တွေ၊ ဟင်းရည်သောက်ပန်းကန်တွေကိုကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ရပြီ ဒေါ်တင်မေ ... ထမင်းစားပြီးရင် အချိုတည်းဖို့ကိုလည်း အဆင်သင့်လုပ်ထားပေးပါ ..."

"အင်း ဒေါ်လေးလုပ်ထားလိုက်မယ် မြစိမ်း ..."

"မာမီ ... ကိုနေတို့ ရောက်လာပြီ ..."

ဧည့်သည်တွေနဲ့အတူ ဧည့်ခန်းထဲသို့ ဝင်လာကာပြောလိုက်တဲ့ မမလရိပ်စကားကြောင့် ဒေါ်လေးမြစိမ်းအကြည့်က ဆွေးဆီသို့ ရောက်လာ၏။

"ဆွေး ... နင့်အမေကို အိမ်ထဲမှာပဲ နေခိုင်းထားနော် ... ငါတို့ထမင်း စားနေတာကို လာမရှုပ်စေနဲ့ ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါ်လေးမြစိမ်း ..."

"သွားတော့ ..."

ဆွေး ခေါင်းညိတ်ပြလိုက်ကာ ထမင်းစားခန်းထဲကနေ ထွက်လာလိုက်လေတော့သည်။ ထမင်းစားခန်းနဲ့ ဧည့်ခန်းက တစ်ဆက်တည်းဖြစ်တော့ ဧည့်သည်တွေကို လှမ်းမြင်နေရလေသည်။ ဆွေးအကြည့်ကလည်း ရုတ်တရက် ဧည့်ခန်းထဲက ဧည့်သည် နှစ်ယောက်ဆီသို့ ရောက်သွားတာဖြစ်သည်။ အမျိုးသား နှစ်ယောက်က ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်နေကြသည်။ မမလရိပ်က သူနဲ့ရွယ်တူလောက်ရှိတဲ့ အမျိုးသား တစ်ယောက်ကို စကားတွေ ပြောနေ၏။ ဟိုတစ်ယောက်ကတော့ မမလရိပ်ကိုရှိတယ်လို့

မထင်ဘဲ ဧည့်ခန်းထဲက အပြင်အဆင်တွေကိုသာ လိုက်ကြည့်နေလေသည်။ ဆွေး သူတို့ကို အကြည့်လွှဲလိုက်ပြီး ဧည့်ခန်းကို ကျောခိုင်းလိုက်ရာ ...

"အဆွေးည ..."

မမလရိပ် အသံကြောင့် ဆွေး စိတ်ညစ်သွားရတော့သည်။ လူရှေ့သူရှေ့မှာ ဆွေးကို ဘာတွေ ပြောဦးမှာလဲမသိ။ ကြည့်ရတာ တစ်ခုခုခိုင်းစရာ ရှိတဲ့ပုံပါပဲ။ ဆွေး ခြေလှမ်းတွေကို ဧည့်ခန်းဘက်သို့ ပြန်လှည့်လိုက်ရ၏။

"ဟုတ်ကဲ့ မမလရိပ် ... ဆွေးကို ဘာခိုင်းစရာ ရှိလို့လဲ ..."

"ဒီကို ခဏလာဦး ..."

ဆွေး ခေါင်းညိတ်လိုက်ကာ မမလရိပ်အနားသို့ ကပ်သွားလိုက်လေသည်။ မမလရိပ် စကားပြောနေတဲ့ လူရဲ့အကြည့်က ဆွေးဆီသို့ ရောက်လာ၏။

"ဘာတွေ လုပ်နေတာလဲ ..."

"ဧည့်သည်တွေအတွက် ထမင်းပွဲပြင်ပြီးတော့ ထွက်လာတာပါ မမလရိပ် ..."

"အခုအားပြီမို့လား ..."

"ဟုတ်ကဲ့ ..."

"အဲဒါ ဆိုရင် ငါ့အခန်းကို သန့်ရှင်းရေး လုပ်ပေးထားဦး ... သေချာလေး လုပ်ထားနော် ..."

"ဟုတ်ကဲ့ ..."

"သွားတော့ ..."

ထပ်ပြီး ဆိုးဝါးတဲ့ စကားလုံးတွေ မကြားရသေးခင် ဆွေး မမလရိပ်ရှေ့က နေ အမြန်ဆုံး ထွက်လာလိုက်တော့သည်။

"သူက ဒီအိမ်က အလုပ်သမားပဲလား တူမလေး ..."

"ဟုတ်ကဲ့ ဦးလေး ... သူတို့မှာ နေစရာမရှိတာနဲ့ အလုပ်ပေးထားပြီး နေခိုင်းထားတာပါ ..."

"အင်း ... ဒီလိုဆိုတော့လည်း မြစိမ်းက တစ်ဖက်သားအပေါ်မှာ ကောင်းသားပဲ ..."

"မာမီက အားလုံးအပေါ်မှာ ကောင်းပါတယ် ဦးလေးရဲ့ ..."

"ဘာတွေ ပြောနေကြတာလဲ အစ်ကိုကြီး ..."

အသံနဲ့အတူ ဒေါ်မြစိမ်းလွှာက ဧည့်ခန်းထဲသို့ ဝင်လာလေသည်။ သူမ အကြည့်တွေက နေ့ဆီမှာသာ ရောက်နေ၏။

"သြော် ... ခုနက ကလေးမလေးကို မြစိမ်းတို့က စောင့်ရှောက်ပေးထားတယ် ဆိုလို့ မြစိမ်းအကြောင်း ပြောနေတာ ..."

ဦးလေးရဲ့ စကားကြောင့် ဒေါ်မြစိမ်းလွှာရဲ့ မျက်နှာက ကျေနပ်သလို ပြုံးနေလေသည်။

"အဲ့လောက်လည်း မဟုတ်ပါဘူး အစ်ကိုကြီးရယ် ... သူတို့နဲ့က ရင်းနှီးနေတာ ကြာပြီဆိုတော့လည်း ကူညီပေးရတာပေါ့ ... ဒါနဲ့ တူလေး နေဗဟိုရ်ငြိမ်လှချည်လား ..."

သူ ဒေါ်မြစိမ်းလွှာကို မပြုံးချင်ပြုံးချင်ဖြင့် ပြုံးပြလိုက်ကာ ...

"ကျွန်တော် နေသိပ်မကောင်းလို့ပါ ဒေါ်လေး ..."

"အို ... ဟုတ်လား ... ဘာဖြစ်တာလဲ ဆေးခန်းရော ပြရဲ့လား ..."

"ဟုတ်လား ကိုနေ ... အဲဒါ ကို ဘာလို့ လရိပ်ကိုမပြောတာလဲ ကိုနေရယ် ..."

ဟန်ဆောင်ကာ စိုးရိမ်ပြနေတဲ့ သားအမိနှစ်ယောက်ကို ကြည့်ကာ သူ ပြုံး

တယ်ဆိုရုံသာ ပြုံးလိုက်မိလေသည်။

"အဲ့လောက်ထိ မလိုလို့ပါ ... တကယ်က ကျွန်တော် အေးအေးဆေးဆေး အနားယူလိုက်ရင် သက်သာသွားမှာပါ..."

"ဪ ... အဲ့လိုလား ... အဲဒါ ဆိုရင် ထမင်းစားပြီးရင် နားလိုက်နော် တူလေး ..."

သူ ဒေါ်မြစိမ်းလွှာကို ယဉ်ကျေးစွာဖြင့်သာ ခေါင်းညိတ်ပြလိုက်မိ၏။

"အစ်ကိုကြီး ထမင်းစားတော့မလား ..."

"အင်း ... စားကြတာပေ့ါ..."

"ဟုတ်ကဲ့ အဲဒါဆို ထမင်းစားခန်းထဲ သွားရအောင်လေ ..."

"အင်း ..."

သူတို့တွေ ထမင်းစားခန်းထဲသို့ ဝင်သွားတာကို ကြည့်လိုက်ပြီးတော့မှ ဆွေးလည်း မမလရိပ် အခန်းထဲသို့ ဝင်လာလိုက်တော့သည်။ မမလရိပ် အခန်းကို ကြည့်ကာ ဆွေး တော်တော်လေး စိတ်ပျက်သွားမိတော့သည်။

"ဘာလို့များ ဒီလောက်အထိ ရှုပ်ပွနေရတာလဲ ... မမလရိပ်က တစ်ခါမှ သန့်ရှင်းရေး မလုပ်ဘူးထင်တယ် ..."

ခုတင်ပေါ်မှာ တန်းလန်းကျနေတဲ့ အဝတ်တွေကိုကြည့်ကာ ဆွေး ခေါင်းကိုအသာ ယမ်းလိုက်မိတော့သည်။ ခုတင်ပေါ်က အဝတ်တွေက လျှော်ရမယ့် အဝတ်တွေမဟုတ်။ ဧည့်သည်တွေနဲ့ တွေ့ဖို့အတွက် အဝတ်အစားတွေ ရွေးရင်းကနေ မဝတ်ဖြစ်တဲ့ အဝတ်တွေကို ခုတင်ပေါ်မှာ ဒီအတိုင်း တင်ထားခဲ့တာတွေပဲ ဖြစ်သည်။ မမလရိပ်ကို ဒီလိုပုံစံမျိုး တစ်ခါမှ မတွေ့ဖူးတဲ့ အတွက် ဆွေးအံ့ဩတာတော့ အမှန်ပဲဖြစ်သည်။ မသိရင် သူ့ အိမ်ထောင်ဖက်ကိုပဲ ထမင်းစား ဖိတ်လို့ အခုလို ပြင်ဆင်ထားသလိုလို။

"အဲဒီဦးလေးကြီးကို ကြည့်ရတာ စိတ်ထဲမှာ ရင်းနှီးနေသလိုလိုပဲ ..."

အဝတ်တွေကို သေချာခေါက်ကာ ဗီရိုထဲ ထည့်ရင်းကနေ ဆွေးစဉ်းစား လိုက်မိလေသည်။ ဟုတ်တယ် ဆွေးစိတ်ထဲမှာ အဲဒီလူကြီးရဲ့ မျက်နှာကို ရင်းနှီးနေသလို ခံစားနေရသည်။ ဒါပေမဲ့ မဖြစ်နိုင်တာက စံအိမ်တော်ကို ဧည့်သည် အလာနည်းသလို ဒီဦးလေးကြီးကလည်း တစ်ခါမှ မလာဖူးတဲ့ သူဖြစ်တော့ ဆွေးပဲ အမြင်မှားတာများလား။ နောက်ပြီး ဒီဦးလေးကြီးနဲ့ ပါလာတဲ့ လူကိုလည်း ဆွေး တစ်ခါမှ မမြင်ဖူးပါ။

"အို ... ငါ ဘာတွေတွေးနေတာလဲ ... ငါနဲ့မှ မဆိုင်တဲ့ဟာကို..."

အတွေးတွေကို ဖယ်လိုက်ကာ အဝတ်တွေကို အရင်ဆုံး သန့်ရှင်းရေး လုပ်ပြီးတော့မှ မှန်တင်ခုံပေါ်မှာ ရှိနေတဲ့ အလှပြင်ပစ္စည်းတွေကို နေရာတကျ ဖြစ်အောင် သိမ်းလိုက်လေသည်။ အခန်းထဲက အမှိုက်ပုံးထဲမှာလည်း တစ်ရှူးတွေနဲ့ ပြည့်နေသဖြင့် ကျွတ်ကျွတ်အိတ် တစ်လုံးတည်းသို့ တစ်ရှူးတွေကို လှယ်ထည့်လိုက်သည်။ ပြီးတော့မှ အမှိုက်ပုံးကို ကျွတ်ကျွတ်အိတ် အသစ် ထပ်စွပ်ပေးလိုက်၏။ ဒီအိမ်မှာ ဆွေး မမလရိပ်အခန်းကို အမြဲတမ်း သန့်ရှင်းရေး လုပ်ရပေမဲ့လည်း ဒေါ်လေးမြစိမ်းရဲ့ အခန်းကိုတော့ ဆွေး တစ်ခါမှ မဝင်ဖူးခဲ့ပါ။

"ဆွေးရေ ... ဆွေးလေး ..."

ဒေါ်လေးတင်ရဲ့ အသံကြောင့် ဆွေး ကျွတ်ကျွတ်အိတ်ကို အမြန်စွပ်လိုက်ပြီး မမလရိပ်အခန်းထဲကနေ ထွက်လာလိုက်လေသည်။ ဒေါ်လေးတင်က အောက်ထပ်ကနေ လှမ်းအော်နေတာ ဖြစ်သည်။ ဆွေး အပေါ်ထပ်ကနေ အမြန်ဆင်းလာ လိုက်တော့ လှေကားရင်းမှာ ဒေါ်လေးတင်က မျက်နှာပျက်ပျက်ဖြင့် ဆွေးကိုကြည့်နေ၏။

"ဒေါ်လေးတင် ဘာဖြစ်လို့လဲဟင် ..."

"ထမင်းစားရင်းနဲ့ ညှော်သည် ငါးရိုး စူးသွားလို့တဲ့ အဲဒါ ဆွေး ရှောင်နေလိုက်တော့ တော်ကြာ လူရှေ့သူရှေ့မှာ ဆွေးကို ..."

"အဆွေးည ..."

ဒေါ်လေးတင် စကားမဆုံး သေးခင်မှာပင် မမလရိပ်ရဲ့ အသံကိုကြားလိုက်ရသဖြင့် ဆွေး ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားလေတော့သည်။

"မမလရိပ် ..."

တင်းမာခက်ထန်နေတဲ့ မမလရိပ်မျက်နှာကို ကြည့်ရသည်မှာ တော်တော်လေး ဒေါသထွက်နေတယ်ဆိုတာ သိသာနေသည်။

"နင် ဟင်းတွေကို ဘယ်လိုချက်တာလဲ ..."

"ဟို ... ဆွေး ပုံမှန်အတိုင်းပဲ ချက်တာပါ မမလရိပ် ..."

"ပုံမှန်ချက်တာ ဟုတ်လား ... ဒါ အထူးညှော်သည်တွေပါလို့ နင့်ကို ငါမပြောထားဘူးလား ... အထူးညှော်သည်ကို ပုံမှန်ချက်ကျွေးရုံနဲ့ မရဘူးဆိုတာကိုလည်း နင်မသိဘူးလား ..."

"ဆွေး ... ဆွေး ... သေချာလေး ချက်ထားပါတယ် မမလရိပ် ..."

"အဲဒါ ဆိုရင် ဘာဖြစ်လို့ အရိုးက ပါရတာလဲ ..."

"ငါးဟင်းဆိုတော့ အရိုးနည်းနည်း များသွားတာနေမှာပါ မမလရိပ် ..."

"ငါ့ကို အထွန့်လာတက်ပြန်ပြီ ကဲဟာ ..."

"ဖြောင်း ..."

စကားသံလည်းအဆုံး မမလရိပ်လက်ဝါးက ဆွေးရဲ့ ဘယ်ဘက်ပါးပေါ်သို့ ကျရောက် လာလေတော့သည်။ ဆွေးချက်ချင်းပဲ မျက်ရည်ဝဲလာပေမဲ့လည်း ခေါင်းကိုသာ ငုံ့ထားလိုက်ရတော့သည်။

"လရိပ်လွှာ ... မင်း ဘယ်လို လုပ်လိုက်တာလဲ ..."

"ဟင် ... ကိုနေ ..."

ဆွေး မော့မကြည့်ပေမဲ့ မမလရိပ်ရဲ့ ဒေသ့သည်က မမလရိပ်အနားကို ရောက်လာကာ ဆွေးကိုပါး ရိုက်လိုက်တာကို မြင်သွားသည့်ပုံပင်။

"ဘာလို့ လူတစ်ဖက်သားကို အလွယ်တကူ လက်ပါရတာလဲ ... ပြီးတော့ ကိုယ့်အလုပ်သမား အပေါ်မှာမှ မင်း အဲ့လိုလုပ်ရက်တာလား ..."

"ဟို ... သူက ဟင်းကို သေချာမချက်လို့ ကိုနေ အခုလို အရိုးစူးရတာလေ ကိုနေရဲ့ ..."

"ငါးမှန်ရင် အရိုးပါမှာပေါ့ လရိပ်လွှာရယ် ... အရိုးကို သေချာကြည့်မစား တဲ့ လူမှာသာ အပြစ်ရှိတာလေ အဲဒါကို ဘာလို့ သူ့ကို ပါးရိုက်လိုက်ရတာလဲ ..."

ကိုနေ့မျက်နှာက လရိပ်ရဲ့ အပြုအမူကို အလိုမကျသလို မျက်နှာပျက်နေ လေသည်။ အဆွေးညကိုလည်း သနားသလို ကြည့်နေသဖြင့် လရိပ် ပိုပြီး ဒေါသထွက်သွားကာ အဆွေးညကို ကြည့်လိုက်ပြီး ...

"သွားတော့ ငါ နင့်မျက်နှာကို မမြင်ချင်ဘူး အဆွေးည ..."

ဘာမှပြန်မပြောဘဲ ခေါင်းငုံ့လျက်နှင့်ပင် ထွက်သွားတဲ့ သူမကိုကြည့်ကာ နေ စိတ်မကောင်း ဖြစ်သွားမိတော့သည်။ သူမ ပုံရိပ်လေး ကွယ်ပျောက် သွားတဲ့အထိ ကြည့်လိုက်ပြီးတော့မှ လရိပ်လွှာကို ကြည့်လိုက်တော့ လရိပ် လွှာကလည်း သူ့ကို သေချာကြည့်နေ၏။ သူ ဘာမှမပြောတော့ဘဲ ဧည့်ခန်း ထဲသို့သာ ထွက်လာလိုက်တော့သည်။ လရိပ်လွှာကလည်း နောက်ကနေ ပါလာ၏။

"ကိုနေ သက်သာရဲ့လား ... လည်ပင်းထဲမှာ ဘယ်လို နေသေးလဲဟင် ..."

"ရတယ် ဘာမှမဖြစ်တော့ဘူး ..."

ဧည့်ခန်းထဲမှာ ဒယ်ဒီနဲ့ ဒေါ်မြစိမ်းလွှာတို့ ထိုင်နေ၏။ သူတို့နှစ်ယောက် ဝင်လာတာကိုတွေ့တော့ ဒေါ်မြစိမ်းလွှာက ပျာပျာသလဲ ထလာကာ ...

"တူလေး ဘာဖြစ်သွားသေးလဲ သက်သာရဲ့လား ..."

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဒေါ်လေး ..."

ဒေါ်မြစိမ်းလွှာကိုကြည့်ပြီး ပြောလိုက်ကာ ဒယ်ဒီ့ကိုလည်း ကြည့်လိုက်ပြီး ...

"ကျွန်တော်တို့ ပြန်ရအောင် ဒယ်ဒီ ..."

"ဟင် ... အချိုပွဲလေး စားသွားပါဦး နေရယ် ..."

"တော်ပြီ စားချင်စိတ် မရှိတော့ဘူး လရိပ်လွှာ ..."

"ဟင် ..."

သူ့စကားကြောင့် လရိပ်က မျက်နှာပျက်သွားလေသည်။ ဒေါ်မြစိမ်းလွှာလည်း ထို့အတူပင်။

"ဒယ်ဒီ မပြန်ချင်သေးရင် ကျွန်တော်ပြန်နှင့်တော့မယ် ... ပြီးမှ ဒယ်ဒီ့ကို ကြိုဖို့ ဒရိုင်ဘာကို လွှတ်လိုက်မယ်..."

"အင်း ... အဲဒါ ဆိုရင် ဒယ်ဒီနေခဲ့မယ် သား ..."

"ဟုတ်ကဲ့ ... ကျွန်တော်ပြန်ပြီ ဒယ်ဒီ ..."

"အင်း ... ကားကို ဂရုစိုက်မောင်းဦး ..."

"ဟုတ်ကဲ့ ..."

"ကိုနေ ..."

လရိပ်လွှာက သူ့နောက်ကနေ လိုက်လာလေသည်။ သူကားပေါ်တက်တဲ့

အထိ ကားတံခါး ပေါက်နားကို လိုက်လာ၏။

"ကားကို ဂရုစိုက်မောင်းနော် ကိုနေ ..."

သူ လရိပ်လွှာကို ခေါင်းသာညိတ်ပြလိုက်သည်။ ပြီးတော့မှ ကားမောင်း ထွက်လာ လိုက်တော့၏။

"တကယ် မထင်ရဘူးပဲ ..."

သူ့စိတ်ထဲမှာ လရိပ်လွှာတို့ သားအမိ အကြောင်းကိုတွေးကာ ပြုံးလိုက်မိ၏။ ဒါပေမဲ့ သူ့အပြုံးတွေက အလိုမကျတဲ့ အပြုံးတွေဆိုတာ သူကိုယ်တိုင်သာ သိသည်။ အပေါ်ယံကြည့်ရင် အဲဒီကောင်မလေး အပေါ်မှာ ကောင်းသလိုလိုနဲ့ တကယ်တော့ ကွယ်ရာမှာ အနိုင်ကျင့်နေတာပဲ။ ကြည့်ရတာ အဲဒီကောင်မလေးက အခုလိုမျိုး ခဏခဏ အရိုက်ခံနေရသည့်ပုံပင်။ လရိပ်လွှာကို တစ်ချက်လေးတောင် မော့မကြည့်ရဲဘဲ ထွက်သွားတာ။ ကျီးအာသီး သားအမိနှစ်ယောက်။ အဲ့လိုပုံစံတွေနဲ့များ နေဗဟိုရ် စံအိမ်တော်နဲ့ ပတ်သက်ချင်သေးတယ်။ အဟား ...။

***

"အစ်ကိုလေး ကျွန်တော် ဈေးသွားဝယ်လိုက်ဦးမယ် ... အစ်ကိုလေး ဘာမှာဦးမလဲ ... ပြီးတော့ နေ့လယ်စာကို ဘာနဲ့စားချင်လဲ အစ်ကိုလေး ..."

အိမ်ရှေ့က ခုံတန်းလေးမှာ စာအုပ်ဖတ်နေရင်းကနေ အနားသို့ ရောက်လာကာ မေးလာတဲ့ မောင်ထွေးကြောင့် သူ မောင်ထွေးကို ကြည့်လိုက်မိလေသည်။ မောင်ထွေးက လက်ဆွဲခြင်း တစ်လုံးကိုဆွဲကာ ဈေးသွားရန်ဟန် ပြင်နေ၏။

"အင်း ... ထွေထွေထူးထူးတော့ မစားချင်ဘူး ကိုထွေး ... အချဉ်ဟင်းတော့ ချက်ပေးဦး ..."

"ဟုတ်ကဲ့ အစ်ကိုလေး ... ဒါဆို ကျွန်တော် သွားတော့မယ်နော် ..."

"အင်း ..."

မောင်ထွေးကို စကားပြောရင်းကနေ သူ့အကြည့်တွေက အိမ်ရှေ့ဆီသို့ ရောက်သွားလေသည်။

"ဟင် ..."

အိမ်ရှေ့ကနေ ဖြတ်သွားတဲ့ ဟိုကောင်မလေးနဲ့ အဒေါ်ကြီးတစ်ယောက်။ ကြည့်ရတာ သူတို့လည်း ဈေးသွားမယ့်ပုံပင်။

"မောင်ထွေး ခဏ ..."

မောင်ထွေးက အိမ်ရှေ့တံခါးပေါက်နား ရောက်တော့မှ သူ့ကို လှည့်ကြည့် လာ၏။

"ဘာဖြစ်လို့လဲ အစ်ကိုလေး ..."

"ငါလည်း လိုက်ခဲ့မယ် ..."

"ဗျာ ..."

မောင်ထွေးက သူ့ကိုနားမလည်သလို ကြည့်နေသဖြင့် သူ ပြုံးလိုက်ကာ စာအုပ်ကိုင်ရင်းနဲ့ မောင်ထွေးနဲ့အတူ ဈေးကို ထွက်လာလိုက်သည်။ ဈေး လေးက တစ်လမ်းကျော်လေးပဲ ဝေးတော့ ခြေလျှင်လျှောက်သွားကြတာ ဖြစ်သည်။ ဈေးလေးက မနက်ပိုင်း တစ်ပိုင်းပဲ ဖွင့်သဖြင့် ဈေးဝယ်တဲ့သူက များကြ၏။

"အစ်ကိုလေး ... ဘယ်လိုဖြစ်လို့ ဈေးကို လိုက်ချင်စိတ် ပေါက်လာတာလဲ ..."

သူ သူ့ရှေ့က ဆွေးဆိုတဲ့ ကောင်မလေးနဲ့ အဒေါ်ကြီးတို့ကို လှမ်းကြည့် လိုက်ကာ ပြုံးလိုက်လေသည်။

"အင်း ... စာရေးဖို့အတွက် ကုန်ကြမ်းလေးများ ရမလားလို့လေ ..."

"ဩော် ... ဒါလည်း ဟုတ်တာပဲ ..."

"အင်း ... ဒါနဲ့ ငါ မင်းကို တစ်ခုမေးဦးမယ် ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

"ငါတို့အိမ်နဲ့ ခြံချင်းကပ်ရပ်က အိမ်ကိုမင်းသိလား ..."

"ကျွန်တော်တို့ဘေးက ခြံလား ..."

"အင်း ..."

"နေလစံအိမ်တော်ကို ပြောတာထင်တယ် ဟုတ်လား အစ်ကိုလေး ..."

"အင်း ... ဟုတ်တယ် ... အဲဒီအိမ်က လူတစ်ယောက်ယောက်နဲ့ မင်းရင်းနှီးလား မောင်ထွေး ..."

"ကျွန်တော်တို့က အိမ်ပြောင်းလာတာ ဘယ်နှရက်မှ မရှိသေးတာ ဘယ်လိုလုပ်ပြီး ရင်းနှီးမှာလဲ အစ်ကိုလေးရဲ့ ... ပြီးတော့ သူတို့က အရမ်းမာနကြီးကြတာ ..."

"အဲ့လိုလား ..."

"အင်း ... ဒါပေမဲ့ ခြံစောင့်ကြီးနဲ့ စကားတစ်ခါပြောဖူးတယ် ... ခြံစောင့်ကြီးကတော့ သဘောကောင်းပါတယ် ..."

"ဟုတ်လား ... အဲဒီစံအိမ်က အသက်နှစ်ဆယ် အရွယ်လောက်ရှိတဲ့ ကောင်မလေးကိုရော မင်းသိလား ..."

"ကျွန်တော် မြင်တော့မြင်ဖူးတယ် ... ဒါပေမဲ့ စကားတော့ မပြောဖူးဘူး အစ်ကိုလေး ..."

"အရှေ့ကိုကြည့်လိုက် ..."

သူ့စကားကြောင့် မောင်ထွေးက ရှေ့ကိုကြည့်လိုက်တော့ အသားငါးတန်းမှာ ဈေးဝယ်နေတဲ့ သူမဆီသို့ အကြည့်တွေ ရောက်သွားလေသည်။

"သြော် ... အစ်ကိုလေး အဲဒါကြောင့် ဈေးဝယ် လိုက်လာတာမို့လား ..."

သူ မောင်ထွေးကို ပြန်မဖြေဘဲ ပြုံးပဲပြုံးလိုက်လေသည်။

"လာ ... ကြက်သားဝယ်ရအောင် ..."

မောင်ထွေးက ဘာမှမပြောဘဲ ပြုံးရင်းနဲ့ပင် သူ့နောက်သို့ လိုက်လာ၏။ အသားငါးတွေ ဝယ်နေတဲ့ သူမလေးနဲ့ အဒေါ်ကြီးတို့က ကြက်သည်းကြက်မြစ်တွေ ဝယ်နေကြလေသည်။ သူ သူမအနောက်မှာသာ နေနေတာ ဈေးသည်ကို ဘာမှမပြောသေးဘဲ သူမကို ကြည့်နေမိသည်။ သူ ပထမဆုံးမြင်ဖူးခဲ့တဲ့ သူမမျက်နှာက မျက်နှာပြောင်နှင့်ဖြစ်ကာ ဒီနေ့ သူတွေ့ရတဲ့ သူမမျက်နှာ လေးကတော့ သနပ်ခါးတွေနဲ့ ဖွေးနေလေသည်။ ဈေးသာဝယ်နေတာ သူမက စကားတစ်ခွန်းမှမပြော အတူပါလာတဲ့ အဒေါ်ကြီးကသာ ဈေးသည်နဲ့ ဈေးတွေစစ်ပြီး စကားတွေတရစပ် ပြောနေသည်။ သူမကတော့ မျက်နှာလေးကို ငုံ့ထားလေသည်။

"အစ်ကိုလေး ... ဣန္ဒြေလေး ထိန်းပါဦးဗျာ ..."

မောင်ထွေးက သူ့အနားကပ်ကာ တိုးတိုးလေး ပြောလာသဖြင့် သူပြုံးလိုက်ကာ နောက်သို့ ဆုတ်လိုက်လေသည်။

"ဆွေး ... ဘာဝယ်ဦးမလဲ ..."

"မမလရိပ်က ကြက်ရိုးဝယ်ခဲ့ဦးလို့ မှာလိုက်တယ် ဒေါ်လေးတင် ... ကြက်ရိုးသုပ် စားချင်လို့တဲ့ ..."

"ဟုတ်လား ... အင်း အင်း အဲဒါ ဆိုရင် ကြက်ရိုးတစ်ထောင်ဖိုးလောက် ထည့်လိုက်ပါဦး ငါ့ညီမေရ ... အတောင်ပံလေး များများထည့်ပေးနော် လ

ရိပ်က အတောင်ပံကြိုက်တယ် ..."

စကားပြောတာတောင်မှ ခေါင်းမမော့လာတဲ့ သူမကိုကြည့်ပြီး သူ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။ မောင်ထွေးကို ကြည့်လိုက်ပြီးတော့မှ ရှေ့သို့နည်းနည်း ပြန်တိုးလိုက်ကာ သူမမျက်နှာကို ငုံ့ကြည့်လိုက်တော့ သူမရဲ့ ဘယ်ဘက်ပါးက အနည်းငယ် ယောင်နေတာကို သူသတိထားလိုက် မိတော့သည်။

"ဟင် ..."

သူ အံ့ဩသွားကာ အသံထွက်သွားတော့ သူမက သူ့ကိုမော့ကြည့်လာ၏။ သူ့ကိုလည်းမြင်ရော လန့်သွားကာ သူမနဲ့ အဖော်ပါလာတဲ့ အဒေါ်ကြီးနားသို့ ကပ်သွား၏။

"ဘာဖြစ်လို့လဲ ဆွေး ..."

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး ဒေါ်လေးတင် ..."

ခေါင်းငုံ့လျက်ပင် ပြန်ဖြေနေတဲ့ သူ့ကိုကြည့်ကာ အဒေါ်ကြီးက စိတ်မကောင်းသည့် ပုံစံဖြင့် ခေါင်းယမ်းနေလေသည်။ အဲဒါကြောင့် သူမသနပ်ခါးကို အခုလိုမျိုး အထူကြီး လိမ်းထားတာလား။ ဘယ်သူက သူမကို အခုလိုနှိပ်စက် ထားတာလဲ။ သူ သူမကိုကြည့်ကာ စိတ်မကောင်း ဖြစ်သွားမိတော့သည်။

"ဟိုနောက်က မောင်လေးနှစ်ယောက်က ဘာဝယ်ကြမှာလဲ ..."

"ဩော် ... ကျွန်တော့်ကို ကြက်သားငါးဆယ်သားလောက် ထည့်ပေးပါ ... ရင်အုံသားလေးပဲ ပေးနော် အစ်မ ..."

"အင်း အင်း ဟုတ်ပြီ ..."

သူမနဲ့ပါလာတဲ့ အဒေါ်ကြီးက ပိုက်ဆံရှင်းကာ ထွက်သွားတော့ သူမ

လည်း ဈေးခြင်းလေးဆွဲကာ နောက်ကနေ လိုက်သွားလေတော့သည်။

"မောင်ထွေး ငါ ဟိုဘက်ခဏ သွားလိုက်ဦးမယ် ..."

"ဟာ ... အစ်ကိုလေး ခဏလေးလေ ..."

သူ မောင်ထွေးရဲ့ စကားကို နားမထောင်တော့ဘဲ သူမနောက်ကနေ အသာလိုက်လာ လိုက်သည်။ သူမကတော့ ခေါင်းငုံ့လျက်နှင့်ပင် လမ်းလျှောက်နေ၏။ အဒေါ်ကြီးက သူမလက်ကို ဆွဲထားလေသည်။

"လရိပ်က ကြီးလေပိုဆိုးလာလေပဲ ... ဟိုလူငယ်ကလည်း ကလေးမဟုတ်ဘဲနဲ့ ငါးရိုးကိုတောင်နွှင်ပြီး မစားနိုင်ဘူး... အခုတော့ ဆွေးရဲ့အပြစ် ဖြစ်သွားရပြီ ..."

"ဆွေးက ဘာတတ်နိုင်မှာလဲ ဒေါ်လေးတင်ရယ် ..."

ငိုသံရောစွတ်နေတဲ့ သူမအသံကြောင့် သူ သူမအပေါ် ပိုပြီးတောင်မှ သနားလာတော့သည်။ အဒေါ်ကြီးပြောနေပုံ အရဆိုရင် သူမမှာ အပြစ်မရှိဘဲ လရိပ်ဆိုတဲ့ မိန်းကလေးရဲ့ အနိုင်ကျင့်ခြင်းကို ခံခဲ့ရတာပေ့ါ။

"ဒေါ်လေးတင်ကတော့ ဖြစ်နိုင်ရင် စန္ဒာကိုရော ဆွေးကိုတော့ နေလစံ အိမ်တော်မှာ မရှိစေချင်တော့ဘူးကွယ် ..."

"ဟင့်အင်း ဆွေးနဲ့မေမေ ဘယ်တော့မှ အဲဒီစံအိမ်တော်ထဲကနေ ထွက်သွားလို့ မရဘူး ဒေါ်လေးတင် ... မေမေက ဆွေးကို ငယ်ငယ်လေးကတည်းက သေချာမှာထားတာ ဘယ်လို အကြောင်းကြောင့်နဲ့မှ အဲဒီစံအိမ်တော်ထဲကနေ မထွက်သွားရဘူးတဲ့ ..."

"ဒေါ်လေးတင် သိပါတယ် ဆွေးလေးရယ် ... ဒါပေမဲ့ စံအိမ်မှာသာ ဆက်နေရင် သူတို့သားအမိ နှစ်ယောက်က ဆွေးကို နှိပ်စက်ကြဦးမှာ ... ဒေါ်လေးတင် ဆွေးအခုလို ခံနေရတာကို မြင်ရတာ မမြင်ရက်တော့လို့ပါကွယ် ..."

"ဆွေးရဲ့ ဝဋ်ကြွေးပေါ့ ဒေါ်လေးရယ် ... ဒါပေမဲ့ မေမေက သူသေသွားရင်တောင်မှ လုံးဝ မထွက်သွားရဘူးတဲ့ ... ဆွေး မေမေ့စကားကိုပဲ နားထောင်မယ် ဒေါ်လေး ..."

သူတို့မိသားစုရဲ့ အရှုပ်အထွေးကို သူသေချာ မသိရပေမဲ့လည်း ဒီအဒေါ်ကြီးရဲ့ စကားကိုနားထောင်ပုံ ထောက်ရင်တော့ သူမကို လရိပ်တို့ သားအမိဆိုတဲ့ အမျိုးသမီး နှစ်ယောက်က နှိပ်စက်သည့်ပုံပင်။ ဘယ်လိုတွေများ ပတ်သက်နေလို့ အဲဒီစံအိမ် တော်ထဲကနေ မခွာနိုင်ရတာလဲ။ သူတို့တွေကြားထဲမှာ ပတ်သက်မှု တစ်ခုခုတော့ ရှိနေရမယ်။ အဲဒါကြောင့်လည်း သူမကို သူတို့တွေ အဲ့လိုနှိပ်စက် နေကြတာပေါ့။

"အေးကွယ် ... သူတို့တွေရဲ့ မာနတွေက မိုးထိခေါင်ခိုက်နေတော့ အမှန်တရားကို လက်မခံဘဲ မျက်ကွယ်ပြုထားကြတာ ... တစ်နေ့နေ့တော့ သူတို့သားအမိ ဒုက္ခရောက်ကြလိမ့်မယ် ..."

"ဆွေးတို့ ဒုက္ခရောက်သလို သူတို့သားအမိကိုတော့ ဒုက္ခမရောက်စေချင်ပါဘူး ... ဆွေးရဲ့ဆန္ဒက မေမေ့ရောဂါကို ကုပေးပြီး ဆွေးတို့သားအမိကို ရသင့်ရထိုက်တာလေးတွေ ပေးရင်ပဲ ကျေနပ်ပါပြီ ..."

"ဆွေးလေးက လောဘမကြီးပေမဲ့ သူတို့သားအမိကတော့ လောဘကြီးကြတယ်ကွယ် ... နောက်ပြီး သူတို့သားအမိနဲ့ နေဗဟိုရ် စံအိမ်ကြားထဲမှာ လျှို့ဝှက်ချက် တစ်ခုခုလည်း ရှိနေတဲ့ပုံပဲ ... အဲဒါကိုတော့ ဒေါ်လေး မသိဘူး ..."

"ဆွေးလည်း သူတို့ဆီက ဘာမှမလိုချင်ပါဘူး ... ဆွေးတို့သားအမိ ရသင့်ရထိုက်တာကို ရရင်ပဲ ကျေနပ်ပါတယ် ... အခုတော့ ဆွေးတို့ ရထိုက်တာကို မပေးတဲ့အပြင် အခုလိုမျိုး ဆွေးတို့သားအမိကို ဆက်ဆံတယ် ဆိုတာကိုတော့ ဆွေး နားမလည်တော့ဘူး ... တကယ်ဆိုရင် သူတို့သားအမိနဲ့ ဆွေး

တို့သားအမိက ဆွေမျိုးတွေ မဟုတ်ဘူးလား ဒေါ်လေးရယ် ..."

"ဟူး ... ဆွေးရယ် ..."

သူမလက်ကို ဆုပ်ကိုင်ထားတဲ့ အဒေါ်ကြီးရဲ့ လက်တွေက တင်းကျပ်နေတယ် ဆိုတာကို သူ သတိထားလိုက်သည်။ သူမဘဝအကြောင်း သိရတာနည်းနည်းလေးတောင်မှ စိတ်ချမ်းသာစရာ မကောင်းပါလား။ ဒီလောက်ဖြူစင်တဲ့ သူမကို ဘာလို့အနိုင်ကျင့် ကြတာလဲ။ သူတို့သားအမိက ဘယ်လိုလူမျိုးတွေမို့လို့ သူမကို ဒီလောက်အထိ နှိပ်စက်ရတာလဲ။

"လာ ... လာ ကန်စွန်းရွက်လေး ဝယ်ရဦးမယ် ..."

"ဟုတ်ကဲ့ ဒေါ်လေးတင် ..."

ဟင်းသီးဟင်းရွက် ရောင်းတဲ့ဆိုင်ထဲသို့ သူလည်း နောက်ကနေ လိုက်ဝင်လိုက်လေသည်။ သူမနောက်မှာ နေရင်းကနေ သူမအတွက် စိတ်မကောင်းဖြစ်နေမိတော့သည်။ သနားစိတ်ကနေ ချစ်စိတ် ဖြစ်လာတာကိုလည်း သူ့ကိုယ်သူ သိလိုက်ရတော့၏။

"ကန်စွန်းရွက်နဲ့ တခြားလိုအပ်တာနည်းနည်း ဝယ်လိုက်ဦး ... ဒေါ်လေးဟိုဘက်ကိုသွားပြီး အသီးအနှံနည်းနည်း သွားကြည့်လိုက်ဦးမယ် ..."

"ဟုတ်ကဲ့ ဒေါ်လေး ..."

သူ့အတွက် အခွင့်အရေးကောင်း တစ်ခုကို သူရလိုက်ပြီဖြစ်သည်။ အဒေါ်ကြီးလည်း ထွက်သွားရော သူ သူမအနားသို့ ကပ်လိုက်၏။ သူမကတော့ ဝယ်စရာ ရှိတာတွေကို ဝယ်နေလေသည်။ သူမ ဈေးဝယ်ပြီးတဲ့အထိ သူ သူမကို ကြည့်နေလိုက်သည်။ ဝယ်ထားတဲ့ ပစ္စည်းတွေကို ဈေးခြင်းထဲထည့်ကာ ထွက်သွားတော့မှ သူလည်း သူမနောက်ကနေ လိုက်သွားလိုက်သည်။

"ဆွေး ..."

သူခေါ်လိုက်တော့ သူမက သူ့ကိုလှည့်ကြည့်လာကာ အံ့သြသွားကာ ခေါင်းကိုငုံ့သွား၏။

"ဘာလို့ ဆွေးနောက်ကို လိုက်နေရတာလဲ ရှင် ဘယ်သူလဲ ..."

"ကိုယ့်ကို မမှတ်မိဘူးလား ... ကိုယ်က ဆွေးတို့ စံအိမ်ဘေးမှာနေတဲ့ စာရေးဆရာ လွမ်းရိပ်ဝေးလေ ..."

"ဟင် ..."

သူ အဲ့လိုပြောလိုက်မှပဲ သူမက မှတ်မိသွားသလို သူ့မျက်နှာကို မော့ကြည့်လာတော့သည်။ ဒါပေမဲ့ ချက်ချင်းပဲ ခေါင်းကို ပြန်ငုံ့သွား၏။

"ဆွေးကို ဘာပြောမလို့လဲ ..."

တကယ်က သူ့ရင်ထဲမှာ ပြောစရာစကားတွေ အများကြီးပါ။ ဒါပေမဲ့ သူမ မျက်နှာကို မြင်လိုက်ရတော့လည်း သူ့စကားလုံးတွေက ပျောက်ကွယ် သွားရတော့သည်။ လက်ထဲမှာ ပါလာတဲ့ သူ့စာအုပ်လေးကို ကြည့်လိုက်ပြီး -

"ဒီမှာလေ ကိုယ့်စာအုပ် မင်းကို လက်ဆောင်ပေးမလို့ ..."

ပြောပြီး သူမဆီကို ကမ်းပေးလိုက်တော့ သူမက စာအုပ်ကို ကြည့်လိုက် ပြီးတော့မှ သူ့ကို အံ့သြတကြီး ကြည့်လာကာ -

"ဆွေး မယူလို့ ရမလား ..."

"ဟင် ... ဘာလို့လဲ ..."

"ဆွေးမှာ စာဖတ်ဖို့အချိန် မရှိပါဘူး ..."

"စာဖတ်ဖို့ အချိန်မရှိဘူး ဆိုရင်လည်း အမှတ်တရအနေနဲ့ လက်ခံပေးလို့ မရဘူးလား ..."

"အဲဒါက ..."

သူမလက်ထဲသို့ စာအုပ်ကို ထည့်ပေးလိုက်ကာ -

"လက်ခံပေးပါ ... ဒီစာအုပ်လေးက ဖတ်ရတာ ပေါ့ပေါ့ပါးပါးနဲ့ ဟာသလေးတွေပါတော့ မင်းဖတ်တဲ့အချိန် နည်းနည်းပဲဖြစ်ဖြစ် စိတ်အပန်းပြေမှာပါ ..."

သူမလက်ထဲသို့ ရောက်လာတဲ့ စာအုပ်ကိုကြည့်ကာ သူမ မျက်ရည်တွေကျလာလေသည်။ သူ ရုတ်တရက် ထိတ်လန့်သွားကာ -

"ဟင် ... မင်း ငိုနေတယ် ဟုတ်လား ... ဘာဖြစ်လို့လဲ ... ဘယ်နေရာက ဘာဖြစ်နေလို့လဲ ..."

"ဆွေးတို့တွေ့တာ နှစ်ခါပဲရှိသေးပေမဲ့ ရှင်က ဆွေးအပေါ်မှာ ကောင်းတယ် ... ဒါပေမဲ့ ဆွေးရဲ့ အဒေါ်နဲ့အစ်မကတော့ ဆွေး ဟိုးငယ်ငယ်ကတည်းက သူတို့အိမ်မှာ နေခဲ့ပြီး သူတို့အတွက် အကုန်လုံး လုပ်ပေးခဲ့တာတောင်မှ ဆွေးအပေါ်ကို ရှင့်လောက်တောင်မှ မကောင်းဘူး ..."

"ဪ ..."

သူမစကားကြောင့် အဲဒီမိန်းမနှစ်ယောက်ရဲ့ စိတ်ထားကို တဖြည်းဖြည်းနဲ့ သူနားလည် လာရတော့၏။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ ..."

"၁၉ နှစ်ပါ ..."

"ငယ်သေးတာပဲ ... ကျောင်းရော ဘယ်ရောက်ပြီလဲ ..."

"ဆွေး ကျောင်းဆက် မတက်တော့ပါဘူး ..."

"ဟင် ဘာလို့လဲ ..."

"ဆွေး ဆယ်တန်းအောင်ပြီးတော့ အဝေးသင် ပထမနှစ် တက်လိုက်ရပါသေးတယ် ... ဒါပေမဲ့ နောက်နှစ်ရောက်တော့ ဆွေးကို ကျောင်းမထား ပေး

တော့ဘူးတဲ့ ..."

"ဟင် ... သူတို့တွေက ဘာလို့ကျောင်းမထား ပေးရတာလဲ ..."

"မေမေကလည်း ကျန်းမာရေး မကောင်းဘူး ... ပြီးတော့ သူတို့အတွက်လည်း ဆွေးက လိုအပ်တယ်တဲ့ အဲဒါကြောင့် ဆွေးကို ကျောင်းဆက်မထားတာပါ ..."

ယုတ်မာလိုက်ကြတာ။ အဲဒီစကားကိုတော့ သူ့စိတ်ထဲကနေ ပြောလိုက်ခြင်းသာ ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ဆွေး ရှင့်ကို ကျေးဇူးတင်ပါတယ် ..."

ရုတ်တရက် သူ့မှာ ပြောစရာစကားလုံးတွေ ပျောက်ဆုံး သွားရတော့သည်။

"ဆွေးရေ ..."

"ဟိုမှာ ဒေါ်လေးတင် လာနေပြီ ဆွေး သွားတော့မယ်နော် ..."

"အင်း ..."

သူ သူမကျောပြင်လေးကို ငေးကြည့်ရင်းဖြင့်သာ ကျန်ခဲ့လေတော့သည်။ နာကျင်စရာတွေ များတဲ့ ဘဝကြီးကို ဖြတ်သန်းနေရတာ သူမ အတော်လေး ပင်ပန်းမှာပဲ။ ဖြစ်နိုင်ရင် သူမျှဝေပြီး ခံစားပေးချင် မိပါသည်။ ဒါပေမဲ့ နေလစံအိမ်တော်ရဲ့ ပိုင်ရှင်တွေက ခွင့်ပြုမှာ မဟုတ်ဘူး။ သူ ဘာကိုမှ ဂရုမစိုက်ဘဲ သူမဘက်ကနေ ရပ်တည်လိုက်မယ် ဆိုရင်ရော သူတို့တွေ သူ့ကို တားနိုင်ပါ့မလား။

***

"သူ့နာမည်က ဘယ်သူတဲ့လဲ ဒယ်ဒီ ..."

"ဘယ်သူလဲ သား ..."

"အဲဒီစံအိမ်မှာ ကျွန်တော် ငါးရိုးစူးသွားတုန်းက ပါးရိုက်ခံရတဲ့ မိန်းကလေးလေ ..."

"ဩော် ... သူ့နာမည်က အဆွေးညတဲ့ ... ဘာဖြစ်လို့လဲ ..."

"အဆွေးည ..."

သူမနာမည်ကို အသာရေရွတ်လိုက်ကာ သူ ပြန်စဉ်းစားနေမိ၏။ အဲဒီနေ့က အဲဒီကောင်မလေး ပါးရိုက်ခံလိုက်ရတာ သူ့ပယောဂ မကင်းဘူးဆိုတာကို သူသိသည်။ ဒါပေမဲ့ သူတားဖို့ နောက်ကျသွားသည့်အတွက် လရိပ်လွှာရဲ့ လက်ဝါးက အဲဒီမိန်းကလေးရဲ့ ပါးပေါ်သို့ ရောက်သွားရ၏။

"သူတို့တွေနဲ့ ဘာတော်စပ်လို့ အဲ့လိုမျိုး ဆက်ဆံရတာလဲ ဒယ်ဒီ ..."

"မြစိမ်းပြောတာတော့ အဲဒီမိန်းကလေးနဲ့ သူ့အမေကို မြစိမ်းတို့က အလုပ်နဲ့ နေစရာပေးပြီး စောင့်ရှောက်ထားတာလို့ ပြောတယ် ..."

"ဩော် ... အဲဒါကြောင့် အခုလို ကိုယ်ထိလက်ရောက် အနိုင်ကျင့်ကြတာလား ... တော်တော် အောက်တန်းကျတဲ့ စိတ်ဓာတ်တွေပဲ ..."

"သား... အဲ့လိုမပြောရဘူးလေကွယ် ... သားရဲ့ အဒေါ်နဲ့ညီမက သူတို့အပေါ်မှာ ကျေးဇူးတွေ အများကြီးရှိနေလို့ နေမှာပေ့ါ ..."

ဒေါ်မြစိမ်းလွှာတို့ သားအမိအပေါ်မှာ အမြဲတမ်း အထင်ကြီးနေတဲ့ ဒယ်ဒီ့ကို သူ ခွန်းတုံ့မပြန်သေးဘဲ သူမမျက်လုံးထဲမှာ အဆွေးညဆိုတဲ့ မိန်းကလေးရဲ့ မျက်နှာကို မြင်ယောင်လာသည်အထိ ငြိမ်သက်စွာ အာရုံစိုက်လိုက်လေသည်။

"သူတို့ပုံစံတွေက ဒယ်ဒီထင်သလို မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ် ဒယ်ဒီ ... အဆွေးညအပေါ်မှာ သူတို့တွေ ဘယ်တုန်းကမှ ကောင်းကောင်း ဆက်ဆံခဲ့တဲ့ပုံ မပေါ်ဘူး ..."

"အဲဒါတွေက သားနဲ့ဘာဆိုင်လို့လဲ သားရယ် ... သားလုပ်ရမှာက နေလစံအိမ်တော်ဆိုတာ ဒယ်ဒီတို့ရဲ့ ဆွေးမျိုးတွေပဲ အဲဒါကြောင့် တည့်အောင်နေရမယ် ဟုတ်ပြီလား ... နောက်ဆိုရင် နေလစံအိမ်တော်နဲ့ နေဇဟိုရ်ရိစံ အိမ်တော်တို့ရဲ့ အကျိုးအတွက်ပဲ ကြည့်ကြမယ် ..."

"အဓိပ္ပာယ်မရှိတာ ... ကျွန်တော် သူတို့တွေနဲ့ မပတ်သက်ချင်ဘူး ဒယ်ဒီ ... သူတို့ စိတ်ဓာတ်တွေက ဒီလောက်အထိ အောက်တန်းကျတာကို ဘာဖြစ်လို့ ကျွန်တော်တို့က သွားပြီပတ်သက်ရမှာလဲ ..."

သူ ပြောလိုက်တော့ ဒယ်ဒီက မျက်နှာပျက်သွား လေတော့သည်။ ဒယ်ဒီက အမျိုးကို သိပ်ခင်တွယ်တဲ့ သူဆိုတာကို သူသိသည်။ အဲဒါကြောင့်လည်း အခုလိုမျိုး ပြောနေတာပေါ့။ ဒါပေမဲ့ သူ ဂရုမစိုက်ပါ။

"သား ... ဘာလို့ အဲ့လိုစကားတွေ ပြောနေတာလဲကွယ် ... ဒယ်ဒီတို့မှာ တန်ဖိုးထားရမယ့် ဆွေမျိုးဆိုလို့ သူတို့ပဲ ရှိတယ်လေ ... ဒယ်ဒီ့မှာအရင်က မောင်နှမသုံးယောက် ရှိခဲ့တာ ... ဒယ်ဒီ့ညီဖြစ်တဲ့ မြစိမ်းရဲ့ခင်ပွန်း ကမ္ဘာစိုးဆိုရင် ဆုံးသွားတာ ဘယ်နှနှစ် ရှိသေးလို့လဲ ... နောက်ပြီး အခုချိန်ထိ သေလားရှင်လားတောင် မသိရတဲ့ ဒယ်ဒီ့ညီမ အငယ်ဆုံးလေး လမင်းစန္ဒာ ..."

ပြောရင်းနဲ့ ဒယ်ဒီ့အသံက တိမ်ဝင်သွားလေတော့သည်။ ဒေါ်လေး လမင်းစန္ဒာကိုတော့ သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ သူငယ်ငယ်ကတည်းက နေလစံအိမ်တော်နဲ့ အဆက်အသွယ် ဖြတ်သွားခဲ့တာဆိုတော့ အဲဒီအိမ်ကလူတွေ တစ်ယောက်ကိုမှ သူမမြင်ဖူးခဲ့။ ဒေါ်မြစိမ်းလွှာနဲ့ လရိပ်လွှာကိုတောင်မှ သူ ကြီးလားတော့မှ မြင်ဖူးတာပဲ ဖြစ်သည်။

"ညီမလေးဆိုရင် မတွေ့ရတာ နှစ်တွေကြာနေပြီ ... မာနကြီးတဲ့ ညီမလေးက ဘယ်တုန်းကမှ နေလစံအိမ်တော်ကို ပြန်မလာဘူးတဲ့လေ ... မြစိမ်းလည်း သူ့ယောင်းမဖြစ်တဲ့ လမင်းလေးကို လွမ်းနေတာ ... အခုတော့ ညီမ

လေးလည်း ဘယ်ရောက်လို့ ရောက်မှန်းမသိ ညီလေးလည်း ဆုံးသွားပြီ ... ဒယ်ဒီ့မှာ သံယောဇဉ် တွယ်စရာဆိုလို့ ညီလေးရဲ့မိသားစုနဲ့ မင်းပဲ ရှိတော့တာကို မင်း သိရဲ့သားနဲ့ သားရယ် ..."

"ဒယ်ဒီကသာ အဲ့လိုပြောနေ ... သူတို့သားအမိကဖြင့် ဒယ်ဒီ့ကို အခုလို ဆက်ဆံနေတယ်ဆိုတာ နေဗဟိုရ်စံအိမ်တော်နဲ့ ပတ်သက်ချင်လို့ပဲ ... နေဗဟိုရ်စံအိမ်တော်မှာ သူတို့လိုချင်နေတဲ့ ပစ္စည်းတစ်ခုခုများ ရှိနေသေးတာလား ဒယ်ဒီ ..."

"ဘာလို့ ဆွေမျိုးအရင်းတွေ အပေါ်မှာ အဲ့လိုတွေးရတာလဲ သားရယ် ..."

"ကျွတ် ..."

သူပြောတာကို သဘောမပေါက်ဘဲ ထင်တာတွေသာ လျှောက်ပြောနေတဲ့ ဒယ်ဒီကို သူ ဘယ်လိုရှင်းပြရမှန်း မသိတော့ပေ။ ဒယ်ဒီက ထိုင်နေရင်းက နေ ထလိုက်ပြီး ဧည့်ခန်းထဲမှာရှိတဲ့ ဗီရိုကြီးဆီသို့ ထသွားလိုက်ကာ ဗီရိုတံခါးကြီးကို ဖွင့်လိုက်လေသည်။ ထို့နောက် ဒယ်ဒီ အမြဲတမ်း ကြည့်လေ့ရှိတဲ့ ဓာတ်ပုံအယ်လ်ဘယ် တစ်ခုကို ယူလာလေသည်။ သူ့ဘေးမှာ ပြန်ထိုင်လိုက်ကာ အယ်လ်ဘယ်ကို ဖွင့်လိုက်ပြီး ဓာတ်ပုံတစ်ပုံကို ထုတ်ပြီးကြည့်နေ၏။ အဲဒီဓာတ်ပုံက ဘာပုံလဲဆိုတာကို သူသိသည်။ ဒေါ်လေး လမင်းစန္ဒာက သူ့သမီးလေးကို ပွေ့ထားတဲ့ ပုံလေးပဲဖြစ်သည်။ ဒေါ်လေးသမီး မွေးကင်းစ အရွယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံဖြစ်သည်။

"ဒီပုံလေးက ညီမလေးဆီမှာ နှစ်ပုံရှိတာ ... ဒယ်ဒီ ညီမလေးကို ဆေးရုံကို သွားတွေ့တုန်းက ရိုက်ခဲ့တဲ့ပုံလေး ... တူမလေး တစ်ပတ်လားပဲ ရှိသေးတယ် ... ညီမလေး ဆေးရုံက ဆင်းသွားပြီးတော့ လုံးဝအဆက်အသွယ် မရတော့တာ အခုချိန်ထိပဲ ..."

ဒယ်ဒီ အဲ့လိုပြောလာတော့လည်း သူ စိတ်မကောင်း ဖြစ်လာတော့သည်။

ဒယ်ဒီက ဒေါ်လေး လမင်းစန္ဒာကို အရမ်းချစ်တာကို သူအသိဆုံးပဲ ဖြစ်သည်။ နောက်ပြီး ဒေါ်လေးရဲ့သမီး သူ့ညီမလေးကိုလည်း ဒယ်ဒီ အရမ်း ချစ်တာ။ ဒါပေမဲ့ ကံဆိုးစွာနဲ့ပဲ ပထမဆုံး တွေ့ခဲ့တဲ့ တစ်ခေါက်ဟာ နောက်ဆုံးတွေ့ဆုံခြင်းပဲ ဖြစ်ခဲ့ရသည်။

"တကယ်လို့ အခုချိန် တူမလေးသာ အသက်ရှင်နေဦးမယ် ဆိုရင် ၁၉ နှစ် ရှိပြီ ... ဒါပေမဲ့လည်း ဘာသတင်းအစအနကိုမှ မတွေ့ရတော့ဘူး ... ဆွေး ရင်း မျိုးရင်းဆိုလို့ ညီမလေးတို့ သားအမိနဲ့ မြစိမ်းတို့သားအမိပဲ ရှိကြတော့ တာ ... နေဗဟိုရ်ရံအိမ်နဲ့ နေလစံအိမ် တော်တို့ကိုသာ ပေါင်းစည်းနိုင်ပြီဆို ရင် ညီမလေးတို့ သားအမိတို့ကိုလည်း ရှာဖို့မခက်တော့ဘူး ... ဒါပေမဲ့ ..."

ဒါပေမဲ့ဆိုတာ ဆက်မပြောတော့တဲ့ ဒယ်ဒီ့ကိုကြည့်ကာ သူ သက်ပြင်းချ လိုက် မိတော့သည်။ ဒယ်ဒီ့မှာ အခုချိန်ထိ စိတ်ထိခိုက်စရာဆိုလို့ ဒေါ်လေး လမင်းစန္ဒာတို့ သားအမိကို ရှာမတွေ့ခြင်းပဲ ဖြစ်သည်။ သူလည်း ဒေါ်လေးနဲ့ ညီမလေးကို တွေ့ချင်ပါတယ်။

"ဒယ်ဒီ ... ဒီလိုလုပ်ပါလား ..."

"ဟင် ဘာကိုလဲ သား ..."

ဒယ်ဒီက သူပြောမယ့် စကားကို စိတ်ဝင်စားစွာဖြင့် သူ့မျက်နှာကို ကြည့် လာလေသည်။

"ကျွန်တော်သိတဲ့ ရှာဖွေရေး အေဂျင်စီတစ်ခုရှိတယ် ... ဒေါ်လေးနဲ့ ညီမ လေးကို အဲဒီအေဂျင်စီကနေ ရှာကြည့်ကြမယ် ဒယ်ဒီ ..."

"ဟင် ... အဲ့လိုရှိတာလား ..."

"ဟုတ် ရှိတယ် ... အဲဒီဓာတ်ပုံကို ကျွန်တော်ပွားပြီး သူတို့ကို ပေးလိုက် မယ် ... သူတို့က အဲဒီဓာတ်ပုံနဲ့ လိုက်ရှာလိမ့်မယ် ... သူတို့ရှာရင် မကြာခင်

ဆို တွေ့မှာပါ ဒယ်ဒီ ..."

ဒယ်ဒီ့မျက်လုံးတွေက မျှော်လင့်ချက်တွေ ရှိလာသလို တောက်ပလာလေတော့သည်။

"အဲဒါ ဆိုရင်လည်း မြန်မြန်ရှာစမ်းပါ သားရယ် ... ဒယ်ဒီ ညီမလေးနဲ့ တူမလေးကို တွေ့ချင်နေပြီ ... သူတို့တွေ အဆင်မှပြေကြရဲ့လား မသိဘူး ..."

"အဆင်ပြေမှာပါ ဒယ်ဒီရယ် ... မပူပါနဲ့ ကျွန်တော်ရှာပေးပါ့မယ် ..."

ဒယ်ဒီက ခေါင်းတညိတ်ညိတ်ဖြင့် ဒေါ်လေးနဲ့ညီမလေးရဲ့ ပုံကိုလည်း လွမ်းတသသဖြင့် ကြည့်နေလေသည်။ သူ ဒယ်ဒီ့ကိုကြည့်ကာ သက်ပြင်းချလိုက် မိတော့သည်။ သူ့စိတ်ထဲမှာ စိုးမိုးနေတာကတော့ လရိပ်လွှာ ပါးရိုက်လိုက်တဲ့ အဆွေးညဆိုတဲ့ မိန်းကလေးပဲ ဖြစ်သည်။ နာမည်လေးကအစ သနားစရာကောင်းအောင် ဘယ်သူကများ အဲ့လိုနာမည်ကို ပေးခဲ့ပါလိမ့်။ သူ တကယ်ပဲ အဲဒီမိန်းကလေး အကြောင်းကို သိချင်မိသည်။

***